mgyoe.com
SAMPLE BOOK

# နှလုံးရိုင်း

စုမြတ်ချစ်

# Without a Mother's Love

Amanda Wright


မိခင်အသတ်ခံရတဲ့
ထိတ်လန့်ဖွယ် အတွေ့အကြုံကို
ဖြတ်ကျော်ခဲ့သူ



mgyoe.com

THAR NGE

mgyoe.com SAMPLE BOOK



ဤစာအုပ်က အရာရာ ဆုံးရှုံးခဲ့ရသော
မိန်းကလေးတစ်ယောက်၏ ဝမ်းနည်းစရာ
ထူးခြားဆန်းပြားသော အဖြစ်အပျက်၊
သူ့ မိခင်အတွက် ဂုဏ်ယူစရာဖြစ်အောင်
ကြံ့ကြံ့ခံကြိုးစားခဲ့သူလေး၏ လှပသော ဇာတ်လမ်းလေးတစ်ပုဒ်

ISBN 978-99971-46-74-8

mgyoe.com

designed by zanyehtut

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၂၅၆
စာအုပ်ဆိုဒ် – အလျား ၁၄.၇ × အနံ ၂၁ စင်တီ။
စာအုပ်အမျိုးအစား – ဘာသာပြန်၊ ရသ
မျက်နှာဖုံးဒီဇိုင်း – ချာန်ရဲထွဋ်
စာတည်း – မင်းသန့်ကို (မြန်မာစာ)
အတွင်းအပြင်အဆင် – စောမာလာ
ISBN - 978 - 99971 - 46 - 74 - 8
ထုတ်ဝေခြင်း – ပထမအကြိမ်၊ ဒီဇင်ဘာလ – ၂၀၂၃
အုပ်ရေ – ၁၀၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၁၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

တန်ဖိုး – ၈၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | ဘာသာပြန်သူအမှာ | |
| | အဖွင့် | ၇ |
| အခန်း – ၁ | အဖြစ်အပျက်များအပြီး | ၁၁ |
| အခန်း – ၂ | သေဆုံးခဲ့သောနေ့ | ၁၃ |
| အခန်း – ၃ | ကြက်ကြော်နှင့် အာလူးချောင်းကြော် | ၂၃ |
| အခန်း – ၄ | အလည်အပတ် | ၃၇ |
| အခန်း – ၅ | ဘွားဘွားအိမ်နှင့် နေဗီယာခရင်မ် | ၄၃ |
| အခန်း – ၆ | ကျွန်မရဲ့ချော့ကလေမိသားစု | ၅၇ |
| အခန်း – ၇ | သူ့အသံ | ၇၁ |
| အခန်း – ၈ | ဒိုင်ယာနီအသံ | ၈၁ |
| အခန်း – ၉ | မျက်လှည့် | ၉၃ |
| အခန်း – ၁၀ | ဝိတာဘာစ် | ၉၇ |
| အခန်း – ၁၁ | မားစ်က စာတစ်စောင် | ၁၁၁ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| အခန်း – ၁၂ | ဘယ်ရီကျွန်း | ၁၁၅ |
| အခန်း – ၁၃ | သွားရမဲ့နေရာ | ၁၂၇ |
| အခန်း – ၁၄ | ရှာဖွေတွေ့ရှိချက် | ၁၃၇ |
| အခန်း – ၁၅ | စစ်မှန်သောစိတ်ထား | ၁၄၉ |
| အခန်း – ၁၆ | အိမ်နှင့်ရင်ဆိုင်တိုက်ပွဲ | ၁၆၁ |
| အခန်း – ၁၇ | ပြန်လည်ခုခံမှု | ၁၇၁ |
| အခန်း – ၁၈ | လွတ်လပ်မှု | ၁၈၁ |
| အခန်း – ၁၉ | ဂျွန်ဒစ်ကင်ဆန် | ၁၉၃ |
| အခန်း – ၂၀ | ကိုယ့်ခြေထောက်ပေါ် ရပ်တည်ခြင်း | ၁၉၉ |
| အခန်း – ၂၁ | နှစ်မင်္ဂလာ | ၂၁၁ |
| အခန်း – ၂၂ | မိခင်ဘဝ | ၂၂၁ |
| အခန်း – ၂၃ | ကျောင်းပြန်တက်ခြင်း | ၂၃၃ |
| အခန်း – ၂၄ | ဖေဖေ | ၂၄၁ |
| အခန်း – ၂၅ | လူကောင်းနှင့်လူဆိုး | ၂၄၇ |
| အခန်း – ၂၆ | မိခင်မေတ္တာ | ၂၅၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ့အမှာ

ဒီစာအုပ်ကို ထုတ်ဝေသူက ကျွန်မကို ဘာသာပြန်စေချင်လို့ ပြတဲ့အခါ စိတ်ဝင်စားမိပါတယ်။ စာမြည်းလေးဖတ်ကြည့်လိုက်တာနဲ့ အမျိုးသမီးဇာတ်ကောင်နေရာကနေ ရေးသွားတာရော ဖြစ်ရပ်မှန်ဖြစ်တာရောကြောင့် ဘာသာပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ရေးကို ရေးသင့်တဲ့စာအုပ်လို့လဲ ထင်မြင်ယူဆမိပါတယ်။

စာအုပ်အကြောင်းအရာက အရာရာဆုံးရှုံးခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဝမ်းနည်းစရာ ထူးခြားဆန်းပြားတဲ့အဖြစ်အပျက်။ သူ့မိခင်အတွက် ဂုဏ်ယူစရာဖြစ်အောင် ကြံ့ကြံ့ခံ ကြိုးစားခဲ့သူလေးရဲ့ လှပတဲ့ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ အသက်လေးနှစ်အရွယ်မှာ မျက်စိရှေ့တင် မိခင်အသတ်ခံရတာကိုတွေ့ပြီး ထိတ်လန့်ခဲ့ရတဲ့ ကလေးတစ်ယောက်က သူ့ဘဝတစ်လျှောက်လုံး စိတ်ဒဏ်ရာတွေနဲ့ပဲ ရှင်သန်လာခဲ့ရတယ်။ ဘဝရဲ့အခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း အကောင်းဆုံးကြိုးစားရပ်တည်ခဲ့တယ်။

စိတ်ဒဏ်ရာဆိုတာ လူတိုင်းမှာ ရှိတတ်တာမျိုးပါ။ အဲဒီစိတ်ဒဏ်ရာနဲ့ပဲ နစ်မြောပြီး ကိုယ့်ဘဝကိုယ် အနစ်မွှမ်းခံမလား၊ ဒါကို ရအောင်တိုက်ထုတ်ပြီး လောကဓံရဲ့ ရိုက်ချက်တွေကို မမှုဘဲ အားတင်းရင်း ရှေ့ဆက်မလားဆိုတာ ကျွန်မတို့ကိုယ်တိုင် ရွေးချယ်ရမဲ့အရာပါ။

ဒီစာအုပ်လေးထဲက အဖြစ်အပျက်တွေကိုဖတ်ပြီး ဝမ်းနည်းထိတ်လန့်ကာ ကိုယ်ချင်းစာ သနားမိလာမယ်၊ သူ့ကြိုးစားမှုတွေ မြင်ရတော့ လေးစားလာမယ်၊ ဒီလို ခံစားချက်ပေါင်းစုံ ရောပြွမ်းနေတာမို့ စာအုပ်ဖတ်ပြီးတာနဲ့ စာဖတ်သူတွေရဲ့ နှလုံးသားထဲမှာလဲ ခံစားချက်တစ်စုံတစ်ရာ ကိန်းအောင်းသွားမယ်ဆိုရင် ကျွန်မ ဘာသာပြန်ရကျိုးနပ်ပါပြီ။ စာအုပ်လေးကို အားပေးဖတ်ရှုမဲ့ စာချစ်သူအားလုံးကို ကြိုတင် ကျေးဇူးတင်ကြောင်း ဆိုထားပါရစေ။

စုမြတ်ချစ်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အဖွင့်

ဒီဇာတ်လမ်းက ကြေကွဲဝမ်းနည်းစရာမဟုတ်ဘူး။ မျှော်လင့်ချက်နဲ့ ရှင်သန်လွတ်မြောက်မှုရဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့ရှင်။ ကျွန်မ ဘဝဇာတ်ကြောင်းကို ဝေမျှဖို့ ဒီမှာရှိနေတာကိုက ကံသီပေလို့ပေါ့။ ၁၉၈၀ ပြည့်နှစ်၊ မေလရဲ့ အဲဒီနေ့မှာ ကျွန်မ အသက်ရှင်ကျန်ခဲ့တာက ကံကောင်းလွန်းတယ်လို့ ဆိုရမှာပဲ။ ကျွန်မအမေ ရက်ရက်စက်စက်အသတ်ခံခဲ့ရတဲ့ အဲဒီနေ့ပေါ့။ ကျွန်မ အခု အသက် ၄၀။ ချစ်ခင်ကြင်နာတတ်တဲ့ခင်ပွန်းနဲ့ချစ်စရာကောင်းတဲ့ သမီးလေးနှစ်ယောက်ရယ်၊ ပျော်စရာသိပ်ကောင်းတဲ့ အနုပညာလောကစရာအလုပ်ရယ် ကျွန်မမှာရှိနေပြီ၊ ဒီနေ့မှာတော့ နေရာကောင်းတစ်ခုကို ရောက်နေပြီပေါ့။ ကျွန်မကိုယ်ကျွန်မ ယုံကြည်ချက်ရှိရှိ ခေါင်းမော့ ရင်ကော့လျှောက်လှမ်းရင်း လူတွေကိုမျက်နှာချင်းဆိုင်ကြည့်ပြီး ပြုံးနေနိုင်ပြီ။ ဘယ်လူစိမ်းကိုမှ မကြောက်ရွံ့ ထိတ်လန့်မနေတော့ပါဘူး။

ဒီလိုပုံစံနဲ့ အမြဲရင်ဆိုင်နိုင်ခဲ့တာတော့ မဟုတ်ဘူးပေါ့ရှင်။ ဟိုးအရင်တုန်းကတော့ ကျွန်မ လူတွေကို မျက်နှာချင်းဆိုင် မကြည့်ရဲခဲ့ဘူး၊ လမ်းမှာတွေ့တဲ့လူစိမ်းတွေက ကျွန်မကိုပြုံးပြရင်တောင် ဒါဟာ စစ်မှန်ခွေးထွေးတဲ့အပြုံးပါလားဆိုတာ သဘောမပေါက်မိခဲ့ဘူး။ ကျွန်မတစ်ဘဝလုံး သံသယတွေ၊ အယုံအကြည်မဲ့တာတွေ ဖုံးအုပ်နေခဲ့တာကိုး။ ဂျွန်ဒစ်ကင်ဆန်က ကျွန်မအမေရဲ့အသက်နဲ့ ကျွန်မသိသမျှအရာအားလုံး လုယူသွားခဲ့တဲ့နောက်ပိုင်းကနေ စခဲ့တာပါပဲ။ ယုံကြည်အားကိုးရတဲ့ အစစ်အမှန်တွေကို သူ လုယူသွားတဲ့မနက်ခင်းတစ်ခုကတော့ ကျွန်မဘဝ ငရဲကျတဲ့နေ့ပါပဲ၊ ဒီလိုထပ်မဖြစ်လာဘူးလို့ မယုံကြည်နိုင်သေးပါဘူး။

မကောင်းတဲ့အရာတွေဆိုတာ လူတစ်ယောက်ကို ပြောင်းလဲစေပါတယ်။ ကျွန်မအသက်လေးနှစ်အရွယ်မှာကြုံခဲ့တဲ့ မကောင်းတဲ့အဖြစ်အပျက်က ကျွန်မသိတဲ့အရာရာကိုပြောင်းလဲရုံသာမက စိတ်ရဲ့ အနက်ရှိုင်းဆုံးနေရာကိုပါ ပြောင်းလဲစေလိုက်ပါတယ်။ အနာဂတ်က မသေချာ မရေရာ။ အဲဒီအချိန်ကတည်းက စိုးရိမ်ထိတ်လန့်စရာတွေနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရှေ့ဆက်ခဲ့ရတယ်။ မကြာခဏ ခြိမ်းခြောက်နေတဲ့ ခံစားချက်ကြီးက ကျွန်မကို လွှမ်းမိုးနေတယ်။ အဆိုးရွားဆုံးကိစ္စကြီး ကျွန်မကြုံခဲ့ရတာပေါ့ရှင်။ ထပ်မဖြစ်လာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ အနာဂတ်ကို ဘယ်သူက သိနိုင်မှာလဲ။ ကျွန်မတော့မသိဘူး။ ဘယ်သူမှလည်း မသိနိုင်ဘူးလေ။ ကျွန်မဘဝ အဆင်ပြေချောမွေ့သွားလောက်မယ်လို့ ဘယ်သူကမှ အခိုင်အမာမပြောနိုင်ဘူး။ ခပ်ငယ်ငယ်အရွယ်ကတည်းက သင်ခန်းစာရခဲ့တာပေါ့။

ဂျွန်ဒစ်ကင်ဆန်က အမေ့ကို လုယူသွားရုံတင်မဟုတ်၊ ကျွန်မရဲ့ အနာဂတ်အလားအလာ ယုံကြည်ချက်တွေကိုပါ ခိုးယူသွားတာပဲ။ အဲဒီအချိန်ကတည်းက ညဘက်တွေဆို ကျွန်မ အိပ်မပျော်၊ စိုးရိမ်ထိတ်လန့်မှုတွေ အဆက်မပြတ်၊ အခန်းထောင့်မှာ ဘယ်သူများရှိနေမလဲ။ မကောင်းတာတစ်ခုခု ဖြစ်တော့မလားလို့ပဲ ထင်ယောင်နေမိတယ်။ အဲဒါကြောင့် ကျွန်မကိုယ်တိုင်နဲ့ ကျွန်မရဲ့အနာဂတ်ကို သက်ရောက်စေမဲ့ အသေးအဖွဲလေးတွေ၊ လူတွေ၊ အခြေအနေတွေကို ပထမအကြိမ်နဲ့တင် မဆုံးဖြတ်ဘဲ ဒုတိယအကြိမ်ခန့်မှန်းဖို့ ကြိုးစားကြည့်တယ်။ အခုတော့ အရင်ကလောက် အခြေအနေမဆိုးတော့ဘူး။ ကျွန်မကလေးတွေနဲ့ သက်သောင့်သက်သာ နေနိုင်လာအောင် သူတို့လေးတွေ လူစိမ်းတွေကို ကြောက်ရွံ့နေမဲ့အစား လွတ်လွတ်လပ်လပ် ရှင်သန်နိုင်လာအောင် အားပေးတတ်ဖို့ သင်ယူခဲ့ပြီးပြီ။ ဒါပေမဲ့ ချောက်ကမ်းပါးစွန်းမှာ ရပ်နေရင်း ပြုတ်ကျတော့မှာပါလားလို့ စောင့်ဆိုင်းနေရတဲ့ခံစားချက်ကနေ လုံးဝရုန်းမထွက်နိုင်သေးဘူး။ ဇောချွေးတွေပြန်ပြီး နိုးထလာရတဲ့မနက်ခင်းတွေ ရှိနေတုန်းပဲ။ အဲဒီလိုအချိန်ဆို ခန္ဓာကိုယ်တစ်ခုလုံး အကြောက်တရားတွေဖုံးလွှမ်းပြီး စိုးရိမ်ပူပန်စရာတွေနဲ့ စိတ်ဖိစီးနေတယ်။ 'မကောင်းတာတစ်ခုခုဖြစ်တော့မယ်။ ဘာမကောင်းတာဖြစ်မှာလဲ'။ နံဘေးမှာ အိပ်မောကျနေတဲ့ ကျွန်မခင်ပွန်းကိုကြည့်လိုက်တော့မှ အသက်ဝဝရှူနိုင်ပြီး စိတ်အေးလက်အေး ဖြစ်သွားတယ်။ ပူပန်သောကတွေ ဖြေဖျောက်ပေးလိုက်သလို ခံစားရတယ်။ အဲဒီနောက် စိုးရိမ်သောကတွေ မှေးမှိန်သွားပြီး ပုံမှန်စိတ်ပြန်ဖြစ်လာတော့မှ တည်ငြိမ်သွားတယ်။ တွေးတောနိုင်၊ အသက်ရှူနိုင်လာတော့မှ တစ်နေ့တာလုပ်ရမယ့်အလုပ်တွေကို စိတ်ထဲမှတ်ထားလိုက်တယ်။ စိတ်ရော ကိုယ်ပါ ခွန်အားတွေပြန်ရလာတယ်။ အိပ်ရာကနေထပြီး နေ့သစ်တစ်နေ့အစပြုဖို့ စိတ်အားထက်ထက်သန်သန်နဲ့ အဆင်သင့်ဖြစ်သွားပြီ။ သေနတ်နဲ့ ကျွန်မခေါင်းကို ချိန်ရွယ်ပြီးပစ်လိုက်သလိုပဲ။ ကျွန်မ ရှေ့ဆက်ချင်ပါသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ လုပ်ချင်တဲ့အရာတွေ၊ တွေ့ကြုံချင်တဲ့ အောင်မြင်ချင်တဲ့အရာတွေ ရှိသေးတယ်။ အဲဒါတွေအားလုံး လုပ်နိုင်ပါ့မလားတော့ မသိဘူး။ အထင်မမှားနဲ့နော်၊ ကျွန်မက ရည်မှန်းချက်သိပ်ကြီးသူတော့ မဟုတ်ဘူး။ အလုပ်တစ်ခုတည်းမှာပဲ စွဲစွဲမြဲမြဲ လုပ်လာတာ ၁၇ နှစ်ရှိနေပြီ။ ကလေးတွေရဲ့ကျောင်းကလပ်လေးကို ဦးစီးနေတာပေါ့။ ဒါပေမဲ့ အခြားသူတွေလို ကျွန်မမှာလဲ မျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေရှိတယ်။ အိပ်မက်တွေက တစ်ခါတလေ တော်ရုံသင့်ရုံဆိုပေမဲ့ နေ့စဉ်နဲ့အမျှ စိတ်ကူးမိတယ်။ ကိုယ့်ကိုယ်ကိုယ် ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ထားပြီး ဘဝရဲ့အစိတ်အပိုင်းအားလုံးမှာ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ ကျွန်မ အောင်မြင်ဖြစ်မြောက်ထားတဲ့အရာအားလုံးအတွက် ကျေနပ်ဂုဏ်ယူမိပေမဲ့ အခုနေရာမှာ မရပ်တန့်လိုက်ဘူး။

ဘာတွေလဲ။ မနက်ခင်းတိုင်းကို သိမ်းယူလိုက်တဲ့ အရေးတကြီးခံစားချက်နဲ့ ကမ္ဘာကြီးကနေထွက်သွားချင်တဲ့ အသိစိတ်က တစ်နေ့တာလုံးကို လောင်ကျွမ်းသွားစေတယ်။ ဘာတွေများလဲ။

ကျွန်မအလုပ်မှာ အောင်မြင်ခဲ့တာက ရိုးရိုးလေးမဟုတ်ဘူး။ အဲဒီထက်ပိုတယ်။ ကောင်းမွန်ပြီးပျော်ရွှင်အကျိုးရှိတဲ့ဘဝကို ရှင်သန်နေတာပါ။ ကျွန်မရဲ့မေမေ အခွင့်အရေး မရခဲ့တဲ့အရာတွေအားလုံးကို လုပ်နေတာပါ။ မေမေက ကျွန်မကိုဖြစ်စေချင်တဲ့ အရာတွေပေါ့။ စတီဗန်နေ့ဂျ်က အိပ်ခန်းသုံးခန်းပါ တော်ရုံသင့်ရုံအိမ်မှာ ကျွန်မတို့မိသားစု နေပါတယ်။ ကျွန်မခင်ပွန်းက ကြွေပြားပြင်ဆင်တဲ့အလုပ်လုပ်ပြီး သမီးလေးနှစ်ယောက် ကလဲ ပျော်ရွှင်ကျန်းမာပြီး ကြင်နာတတ်တဲ့ကလေးတွေပါ။ အိမ်နီးချင်းတွေနဲ့လဲ ကျွန်မတို့ ရင်းနှီးကြတယ်။ကျွန်မမှာ သူငယ်ချင်းကောင်းတွေ၊ မိသားစုတွေရှိတဲ့အတွက် ပိတ်ရက်ဆို အတူဆုံကြရင်း အချိန်ကောင်းလေးတွေ ဖန်တီးဖြစ်တယ်။ ကျွန်မ ကျန်းကျန်းမာမာ နေရတော့ လူတွေကိုကူညီဖို့ အခြားသူတွေကို ပျော်အောင်လုပ်ပေးဖို့ ကြိုးစားတယ်။ ကျွန်မရယ်မောပျော်ရွှင်ရင်း ဘဝကိုဖြတ်သန်းနေပါပြီ။ ဒါက ကောင်းမွန်တဲ့ဘဝလို့ပဲ ဆိုရမှာပေါ့ရှင်။

၁၉၈၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့မနက်မှာ မေမေနဲ့ကျွန်မကို ရိုက်ခတ်ခဲ့တဲ့ အဖြစ်ဆိုးတွေကို ကျွန်မ နှစ်ပေါင်းများစွာ တစ်စချင်းဆက်စပ်ယူခဲ့ရတယ်။ စိတ်မချမ်းမြေ့ စရာကောင်းပြီး နှေးကွေးတဲ့ ဉာဏ်စမ်းရုပ်ဆက်ဂိမ်းတစ်ခုလို အဖြစ်အပျက်တွေကို တစ်ခု ချင်းစီ မသိသေးဘူး။ လူသတ်သမားတစ်ယောက်ရဲ့စိတ်ထဲမှာ ဘာတွေရှိလဲဆိုတာ


mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်သူပြောနိုင်မှာလဲ။ ကျွန်မကိုခြေမွခဲ့တဲ့အရာတွေကို အခုတော့ သိပြီ၊ စိတ်ဒဏ်ရာတွေ၊ နာကျင်စရာတွေ၊ ပြောင်းဆန်တာတွေကို ဆိုးဆိုးဝါးဝါး အဆုံးသတ်နိုင်ခဲ့ပြီ။ လူကြီးတွေကတော့ ကျွန်မကို ကလေးတစ်ယောက်လို မျက်စိဒေါက်ထောက်ကြည့်ခဲ့တာပေါ့။ စိတ်ကျန်းမာရေး ဆရာဝန်ဆီလဲ ပုံမှန်စစ်ဆေးမှုခံယူခဲ့ရတယ်။ ဒါပေမဲ့ လက်စသတ်တော့ ကျွန်မက ဒူပေနာသပေခံနိုင်ခဲ့တာကိုး။ ဖြစ်ပျက်ခဲ့သမျှအရာရာကို ကျွန်မမှတ်မိတာကြောင့်လို့ ထင်တာပဲ။ အကုန်လုံးမဟုတ်လောက်ပေမဲ့ အဲဒီနေ့မှာ မေမေနဲ့ကျွန်မ ဘာတွေဖြစ်ခဲ့တာလဲတော့ သိတယ်၊ ရှင်းရှင်းလင်းလင်းမှတ်မိနေတာမို့ ဘယ်အရာကမှ ဒီမှတ်ဉာဏ်တွေကို မဖျက်ဆီးနိုင်၊ မပြောင်းလဲနိုင်ပါဘူး။ ဒီမှတ်ဉာဏ်တွေကပဲ ကျွန်မကို သန်မာအောင်၊ ရှင်သန်နိုင်အောင်၊ ရှေ့ဆက်နိုင်အောင် နေ့တိုင်းနိုးထပြီး ပိုကြိုးစားနိုင်အောင် လုပ်ပေးခဲ့တာပဲလေ၊ ၃၆ နှစ်ကြာပြီးနောက် အခုချိန်မှာတော့ ကျွန်မ အဆင်ပြေနေပြီလို့ ရှင်တို့ပြောနိုင်လောက်မှာပါ။ အဆုံးသတ်မှာတော့ ကျွန်မရဲ့ စိတ်အေးချမ်းရာ၊ ထာဝရပျော်ရွှင်စရာတွေကို ရှာတွေ့ခဲ့ပြီ။

ဒီစာအုပ်က ကျွန်မမေမေ ‘ဆူဆန်လောဆန်’အတွက်ပါရှင်။

မေမေကတော့ ထာဝရပျော်ရွှင်မှုကို ဘယ်တော့မှ မရနိုင်တော့ဘူးနော်၊ မေမေ့ဘဝ၊ မျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေကို မေမေ့ဆီကနေရော သမီးဆီကနေပါ လုယူခံလိုက်ရတာပါ။ ဒီနေ့မှာသာ သမီးအနား မေမေရှိနေမယ်ဆိုရင် သမီးငယ်ငယ်တုန်းကလို တပူးတွဲတွဲ ဖြစ်နေမှာနော်။ မိခင်နဲ့သမီးရဲ့ အမှတ်တရတွေ၊ တန်ဖိုးရှိတဲ့အခိုက်အတန့်လေးတွေကို အတူတူ မျှဝေပျော်ရွှင်နေရမှာနော်။ သမီးတို့ရဲ့ဘဝတွေက ရင်းရင်းနှီးနှီး ရစ်ပတ်တွယ်ငြိနေမှာပဲနော်။ တခြားသားအမိတွေလိုပေါ့ မေမေရယ်၊ မေမေ သမီးကို ပျော်စေချင်မှန်း သိပါတယ်။ သမီးကို အကောင်းဆုံးဖြစ်စေချင်မှန်း သိပါတယ် မေမေရယ်။ အဲဒါကြောင့် သိပ်ခက်ခဲနေတာတောင် သမီး ရှေ့ဆက်ခဲ့ပါတယ် မေမေ။ မေမေ့အတွက် သမီးရှေ့ဆက်ရှင်သန်နေပါတယ်။

မေမေ ဂုဏ်ယူရတဲ့သမီးတစ်ယောက်ဖြစ်အောင် ကြိုးစားနိုင်ခဲ့ပြီလို့ ထင်ပါတယ် မေမေရယ်။

မေမေ့ကို ထာဝရချစ်တဲ့သမီး
**အမန်ဒါ**
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၁

## အဖြစ်အပျက်များအပြီး

ကလေးလူနာဆောင်ရဲ့ ဆေးရုံခုတင်ပေါ်မှာရှိနေတာက အသက်လေးနှစ်အရွယ် ကျွန်မပါ။ မျက်နှာကြက်ကို အသက်မပါတဲ့မျက်နှာနဲ့ စိုက်ငေးရင်း အရာအားလုံး ဘယ်လိုတွေဖြစ်ပျက်ခဲ့တာ၊ အခုလိုတွေဖြစ်ပြီးနောက်ပိုင်း ကျွန်မ ဘယ်လိုအဆုံးသတ်သွားမလဲဆိုတာ သိချင်နေမိတယ်။

ကျွန်မသိတဲ့ ပျော်ရွှင်စရာအဆုံးသတ်တော့ မဟုတ်ဘူးပေါ့လေ။ ချောမောလှပတဲ့ မင်းသမီးလေးက ခံ့ညားတည်ကြည်တဲ့ မင်းသားလေးနဲ့လက်ထပ်ပြီး ရဲတိုက်ကြီးထဲမှာ ပျော်ပျော်ရွှင်ရွှင် နေသွားကြတဲ့ပုံပြင်တော့မဟုတ်ပါဘူး။

ပေါ်လွင်ထင်ရှားတဲ့ အဆုံးသတ်ပါပဲ။

ကျွန်မမျက်လုံးတွေမှိတ်လိုက်ပြီး စဉ်းစားတယ်။ ဒါက အိပ်မက်ဆိုးပဲဖြစ်ရမယ်။

မေမေ့ကို ပြန်လိုချင်တယ်။ လူနာဆောင်ထဲ မေမေဝင်လာပြီး ကျွန်မကို ပြေးဖက်ရင်း 'ဒါတွေကို အိပ်မက်ဆိုးတွေပါ' လို့ပြောတာကို စိတ်ကူးမိတယ်၊ ကျွန်မ ထုံပေပေဖြစ်ရင်း အနာဂတ်ကို ကြောက်ရွံ့နေမိတယ်။ ငိုချင်ပေမဲ့ မငိုမိဘူး။ မငိုနိုင်တော့ဘူး။

ဒါက အိပ်မက်ဆိုးမှ မဟုတ်တာ၊ တကယ်ဖြစ်ခဲ့တာပဲ၊ တကယ့်အစစ်အမှန်တွေ ပါလား။ ဒါက တွေ့ကြုံခဲ့ပြီးတဲ့ အဖြစ်အပျက်ပါပဲ။

✵

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၂

## သေဆုံးခဲ့သောနေ့

နာရီဒိုင်ခွက်က စက္ကန့်တံလေးရဲ့ တချက်ချက်မြည်သံကို စောင့်ကြည့်နားထောင်နေမိတယ်။ အစွန်းဆုံးမှာရှိတဲ့ ကျွန်မခုတင်ကနေ သူနာပြုနားနေခန်းရဲ့ အနောက်ဘက်နံရံပေါ်ကနာရီကို တည့်တည့်မြင်နေရတယ်။ စက္ကန့်တံလေးရဲ့ တစ်ပတ်ပြည့်အောင်လည်ပြီး မိနစ်တံလေး တစ်ချက်ရွေ့သွားတာကို စောင့်ကြည့်နေမိတယ်။ စက္ကန့်လက်တံက သူ့နောက်ထပ်ခရီးရှည်ကို ပြန်စနေပြီမို့ ကျွန်မအကြည့်တွေကို သူနာပြုအုပ်ဆီ ရွှေ့လိုက်တယ်။ သူနာပြုအုပ်က ခေါင်းငုံ့ရင်း ဖောင်တွေကို စိတ်ဝင်တစားဖြည့်နေတာပေါ့။ သူက အရပ်ပုပုနဲ့၊ ခေါင်းဆောင်းအဖြူအောက်ထဲကနေ သူ့ဆံပင်ညိုညိုခွေခွေလေးတွေက ထိုးထိုးထောင်ထောင်ထွက်နေတယ်။ ဖုန်းမြည်လာတော့ ကောက်ကိုင်လိုက်တယ်။ ကျွန်မခုတင်ကနေတော့ သေချာမကြားရပေမဲ့ သူက သွက်သွက်လက်လက်နဲ့ တိုးတိုးညှင်းညှင်းလေး ဖုန်းပြောနေတယ်။ ဆေးရုံမှာ ဘယ်အရာကိုမဆို တိတ်တဆိတ်လုပ်ကြတာကိုး။

သူနာပြုတွေက ဟိုဟိုဒီဒီ လူးလာခေါက်တုံ့သွားရင်း အလုပ်များနေကြတယ်။ လျှောက်လမ်းမှာ ရှေ့နောက်ဖြတ်သန်းသွားလိုက် ခုတင်တွေဆီသွားလိုက်နဲ့မို့ ကျွန်မမျက်စိထဲမှာတော့ အပြာရောင်နဲ့အဖြူရောင်တွေပဲ မထင်မရှားတွေ့နေရတယ်။ ခဏလောက် မျက်လုံးမှိတ်လိုက်တယ်။ *"ကျွန်မ ဘာမှမမှတ်မိဘူးလို့ သူတို့ထင်နေကြပေမဲ့ ကျွန်မ ဖြစ်ခဲ့သမျှအရာအားလုံး မှတ်မိတယ်။ ဘယ်တော့မှ မေ့မယ်လို့ မထင်ဘူး"*။

အရာအားလုံးက မေမေ့အိပ်ရာလေးက နာရီကနေ အစပြုခဲ့တာပဲ။

\+ + + + +

mgyoe.com

mgyoe.com SAMPLE BOOK

တစ်. . တစ်. . တစ်. . တစ်. . ဘရင်း . . .

နာရီပေါ်က ငွေရောင်ဘောလုံးလေးနှစ်လုံးရဲ့ ရိုက်ခတ်သံကြောင့်ထွက်လာတဲ့ အကျွမ်းတဝင်ဆူညံသံက ကျွန်မအိပ်မက်ထဲထိ ထိုးဖောက်ဝင်လာတယ်။ ချက်ချင်းပဲ ကျွန်မ နိုးလာပြီး နာရီဒိုင်ခွက်ကို စိုက်ငေးရင်း အိပ်ရာကနေထထိုင်တော့ လူပုလေးလို တုန်လှုပ်နေတယ်။ တခြားမနက်တွေလိုပဲ မေမေဆူဆန်ရဲ့ နွေးထွေးနေတဲ့ရင်ခွင်ထဲမှာ ကွေးကွေးလေးအိပ်ပျော်နေခဲ့တာ။ မေမေ့ရွှေရောင်ဆံပင်တွေက ခေါင်းအုံးပေါ်မှာ ပြန့်ကျဲနေပြီး ခရင်ရောင်ညအိပ်ဝတ်စုံဝတ်ထားတဲ့မေမေက ဂွမ်းကပ်စောင်အောက်မှာ။ သူ့ဒူးခေါင်းနှစ်ဖက်က ရင်ဘတ်နားထိ ရောက်လျက်ပဲ။ စတီဗန်နေ့ဂျ်မှာရှိတဲ့ ကျွန်မတို့အိမ်မှာ ကျွန်မကိုယ်ပိုင်အိပ်ခန်းရှိပေမဲ့ မေမေနဲ့ကျွန်မ နှစ်ယောက်တည်းနေတာမို့ ညလယ်ခေါင်ဆို မေမေ့ခန်းဆီရောက်ရောက်သွားရော။

ဒါပေမဲ့ ဒီမနက်ကတော့ တခြားမနက်ခင်းတွေနဲ့ မတူကွဲပြားနေတယ်။

ကျွန်မ တစ်ခါမှမမြင်ဖူးတဲ့ လူစိမ်းတစ်ယောက်ရှိနေတယ်။

ဘရင်း . . .

အိပ်ခန်းထဲမှာ နာရီသံကျယ်ကျယ်လောင်လောင်မြည်လာပြီး ဒီလူစိမ်းကို တွေ့ရလို့ ကျွန်မအံ့သြသွားတယ်။ သူက ခုတင်ခြေရင်းမှာ မတ်တပ်ရပ်နေတာပေါ့။ ခန်းဆီးလိုက်ကာနောက်ကနေ တိုးဝင်လာတဲ့ မနက်စောစောနေရောင်ကြောင့် ကျွန်မမှာ မျက်စိကျင့်သားရအောင် လုပ်နေရတယ်။

ဒီလူဘာလုပ်နေတာလဲ၊ ဘောင်းဘီပြန်ဆွဲဝတ်နေပုံပဲ၊ အဝတ်အစားဝတ်နေတာ၊ အမေက ကျွန်မဘေးမှာအိပ်ပျော်နေပေမဲ့ ကျွန်မနိုးနေပြီ၊ အဲဒီလူခြေထောက်တစ်ဖက်ချင်းစီကို ခုန်ဆွခုန်ဆွနဲ့ ဘောင်းဘီစွပ်ဝတ်ပြီး ခါးပတ်ပတ်နေတာကို ကျွန်မကြည့်နေတယ်။ သူက အလျင်လိုနေတဲ့ပုံနဲ့ မြန်မြန်ဆန်ဆန်လုပ်နေတာလေ။

ဘရင်း . . .

အဲဒီလူက ရုတ်တရက် မေမေ့ပေါ်ခုန်တက်ပြီး လှမ်းဆွဲလိုက်တယ်။ ဖြစ်ပျက်သွားတာ သိပ်မြန်တယ်။ မေမေ့ကို လက်မောင်းကနေဆွဲပြီး ခုတင်ပေါ်က တရွတ်တိုက်ဆွဲချလို့ မေမေ ကြမ်းပြင်ပေါ်ရောက်သွားပြီ။ မေမေနိုးသွားတော့ ထိတ်ထိတ်လန့်လန့်နဲ့ အော်ဟစ်ပါလေရော။ မေမေ့မျက်လုံးတွေက ပြူးကျယ်နေတယ်။ ကြောက်နေတာလား၊ အံ့သြနေတာလားတော့ ကျွန်မ မခန့်မှန်းနိုင်ဘူး။ သိပ်မြန်လွန်းတယ်ရှင်။


mgyoe.com

mgyoe.com SAMPLE BOOK

ဘရင်း . . .

အဲဒီလူကြီးက မေမေ့ကို ကြမ်းပြင်ပေါ်မှာတင် သူ့လက်နှစ်ဖက်လုံးနဲ့ လည်ပင်းညှစ်နေတယ်။ အတင်းအကျပ်ကြီးလုပ်နေတာမို့ မေမေ့ခမျာ အသက်လုံးဝမရှူနိုင်ရှာဘူး။ မေမေ့ပါးစပ်က အော်နေသလိုမျိုး ဟနေတာ၊ နှုတ်ခမ်းတွေဟနေပေမဲ့ အသံ လုံးဝမထွက်လာဘူး။ အဲဒီနောက် ဟိုလူကြီးက မေမေ့ခေါင်းကို နံရံနဲ့ပစ်တိုက်တယ်။ မေမေ့မျက်ခွံတွေ ပိတ်သွားပြီ။ မေမေ အသက်မရှူတော့ဘူး။ မေမေ သေသွားပြီဆိုတာ ကျွန်မသိလိုက်ပြီ၊ ဖြစ်ခဲ့တဲ့တစ်ချိန်လုံး မေမေ့မှာ ဘာအသံမှမထွက်နိုင်ခဲ့ဘူး။ မေမေ့ကို လည်ပင်းထပ်ညှစ်နေပြန်ပြီ၊ မေမေ့ခန္ဓာကိုယ်မှာ အရောင်တွေပြောင်းသွားပုံပဲ၊ အဖြူရောင်ကနေ အနီရောင်၊ ပြီးတော့ ခရမ်းရောင်။

အခြားဆူညံသံတစ်ခု ထွက်လာတယ်။

ငယ်သံပါအောင် အော်ဟစ်နေတဲ့ ကျွန်မရဲ့အသံပေါ့။

"မေမေ့ကိုမလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ရပ်ပါတော့၊ ငါ့မာမီကို နာအောင်မလုပ်နဲ့တော့"

ကျွန်မ ခုတင်ပေါ်ထထိုင်ရင်း ဒီလိုအော်ဟစ်နေမိတယ်။ ကျွန်မမေမေကို ဒီလူကြီး ထပ်ပြီးနာကျင်အောင် မလုပ်ဖို့ပေါ့။

"ပိတ်ထားစမ်း" လို့ သူကဟောက်တယ်။ သူ့အသံကြီးက မနိမ့်မမြင့်နဲ့ မာဆတ်ဆတ်။

"နင့်အသံပိတ်ထားရင်ကောင်းမယ်၊ သောက်အသံပိတ်ရင်ပိတ် မပိတ်ရင် ငါရပ်မှာမဟုတ်ဘူး"

ကျွန်မ ငိုချင်ပေမဲ့ မငိုတော့ဘူး။ ကျွန်မမငိုမှ မေမေ့ကို သူ နာအောင်မလုပ်တော့မှာလေ။ ဒါပေမဲ့ တကယ်ခက်လိုက်တာ။ သူပြောသလို ကျွန်မတိတ်တိတ်လေးနေဖို့ ကြိုးစားပေမဲ့ ကြောက်နေတယ်။ ကျွန်မမာမီ သိပ်နာနေတာသိတာပေါ့။ အခု အဲဒီလူကြီးက မေမေ့ကို အိပ်ခန်းတစ်ဖက်ကနေ နောက်တစ်ဖက်ဆီ တရွတ်တိုက်ဆွဲသွားပြီး ကျွန်မနားကပ်လာတယ်။ ကျွန်မ တိတ်တိတ်လေးနေဖို့ ကြိုးစားပေမဲ့ သူက မေမေ့လည်ပင်းကို တင်းတင်းကျပ်ကျပ်ညှစ်နေပြန်တယ်။ မေမေ့ပါးစပ်က ဟလျက်နဲ့ မျက်လုံးတွေပိတ်သွားပြီ၊ ကျွန်မ ကြောက်လွန်းလို့ အော်ဟစ်ငိုယိုနေမိတယ်။ သူက မေမေ့ခေါင်းကို နံရံနဲ့ ထပ်တလဲလဲတိုက်ပြီးတဲ့နောက် ကျွန်မဆီလာနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မလည်ပင်းကို သူ့လက်တွေနဲ့ မြဲမြဲမြံမြံကြီးကိုင်ပြီး အိပ်ရာပေါ် တွန်းလှဲပစ်လိုက်တယ်။ သူ ဘာလုပ်တော့မလဲဆိုတာ ကျွန်မသိတယ်။ မွေ့ရာပေါ် ကျွန်မတစ်ကိုယ်လုံး နစ်မြုပ်နေသလို ခံစားရတယ်။ အသက်ရှူရပ်အောင် သူလုပ်တော့မှာ။ ကျွန်မမျက်နှာကို ခေါင်းအုံးနဲ့ဖိလိုက်ပြီ။

သူ့လက်တွေက သန်မာလွန်းအားကြီးတာမို့ ကျွန်မ သိပ်နာကျင်နေပြီ။ အသက်မရှူနိုင်တော့ဘူး။

အား . . . နာလိုက်တာ။

ဒီအရာတွေ မြန်မြန်အဆုံးသတ်ချင်ပြီ။

ကျေးဇူးပြုပြီး အဆုံးသတ်ပါတော့ရှင်။

\+ + + + +

ကျွန်မ ပြန်နိုးလာတော့ အိပ်ရာပေါ်မှာရှိနေတုန်းပဲ။ ဝေ့ဝဲကြည့်လိုက်တော့ မေမေ့ကိုတွေ့ရတယ်။ ကြမ်းပြင်ပေါ်မှာမဟုတ်တော့ဘဲ ကျွန်မဘေးမှာရှိနေတာ။ ခုတင်ခြေရင်းမှာ မီးလောင်နေပေမဲ့ ဘာအပူမှ မခံစားရသလိုပဲ။ ဘယ်အရာမှ မခံစားရဘူး။

မေမေ ငြိမ်းချမ်းသွားလေပြီ။ သူ့ပါးစပ်ရော မျက်လုံးတွေပါ ပိတ်သွားပြီ။ ဒါပေမဲ့ သူ့မျက်လုံးတွေပြန်ပွင့်အောင် ကျွန်မလုပ်ရတော့မယ်။ အရာအားလုံး ပိုကောင်းလာဖို့ပေါ့။

မေမေရယ် ထပါတော့၊ နိုးပါတော့နော်။

ဟိုလူကြီးမရှိတော့ဘူး၊ ထွက်သွားပြီ၊ ကျွန်မနဲ့မေမေ နှစ်ယောက်တည်းမို့ စိတ်သက်သာရာရသွားတယ်။ ကျွန်မ မကြောက်တော့ဘူး။ အခု အရာအားလုံး ပြီးသွားပြီပဲ။ မေမေနဲ့လဲ အတူရှိနေပြီမို့ မေမေသာ မျက်လုံးပြန်ဖွင့်လာရင် အရာအားလုံး အဆင်ပြေပြီပေါ့ရှင်။ နာရီသံလဲမကြားတော့ဘူးဆိုတော့ အရာရာက တိတ်ဆိတ် ငြိမ်းချမ်းနေလိုက်တာ။ နာကျင်စရာတွေလဲ မရှိတော့ဘူး။ လိမ္မော်ရောင်နဲ့ အဝါရောင်မီးတောက်တွေကတော့ ခုတင်ခြေရင်းမှာ ကွန့်မြူးနေတယ်။

ကျွန်မ မေမေနဲ့အတူရှိနေတာပဲ။ အဆင်ပြေတာပေါ့ရှင်။

\+ + + + +

အခု ကျွန်မကို အိမ်အောက်ထပ်ချီခေါ်သွားတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီလူက ဘယ်သူလဲဟင်။ သူ့ကိုမသိဘူး။ နောက်ထပ်လူစိမ်းတစ်ယောက်ပါလား။ ကျွန်မကို ညင်ညင်သာသာလေးချီပြီး အိမ်အောက်ထပ်ဆင်းနေတာ။ ခြေထောက်တွေကို ငုံ့ကြည့်မိတော့။ အို .. အရာတွေပါလား။ ခြေထောက်မှာ ဘာကြီးတွေလဲ။ အရေပြားပေါ်မှာ အရည်ကြည်ဖုအကြီးကြီးတွေ။

ဒါတွေ ဘယ်လိုဖြစ်လာတာလဲ။

ကျွန်မတို့အိမ်အပြင်ရောက်လာပြီး အေးစိမ့်နေတဲ့လေက ညဝတ်အင်္ကျီပါးပါးလေးကို ထိုးဖောက်လာလို့ ခိုက်ခိုက်တုန်နေပြီ။ ကျွန်မကိုချီခေါ်လာတဲ့လူကြီးက နောက်တစ်အိမ်ကိုခေါ်သွားတယ်။ ဒီလူတွေကိုသိတာပေါ့ရှင်။ ကြင်နာဖော်ရွေတတ်တဲ့ အိမ်နီးချင်းတွေပေါ့။ သူတို့မျက်နှာကြည့်ရတာ ကြင်ကြင်နာနာဆိုပေမဲ့ အသံတွေက ခပ်တိုးတိုးနဲ့ ကြောက်ရွံ့ထိတ်လန့်နေပုံ။ ကျွန်မကတော့ အခု မစိုးရိမ်တော့ဘူး။ ဆိုဖာပေါ် ချပေးလိုက်တာမို့ တည်တည်ငြိမ်ငြိမ်နဲ့ပါပဲ။ လေမှုတ်ထုတ်လိုက်ပြီး ဆိုဖာပေါ် ခေါင်းလေး မှီလိုက်တယ်။

မီးသတ်သမားတစ်ယောက်က ကျွန်မကို စကားပြောနေတယ်။ သူ့ဝတ်စုံကို တွေ့ဖူးလို့ မီးသတ်သမားမှန်းသိသွားတာ။ ရှေ့မှာ တံဆိပ်ပါတဲ့ အဝါရောင်ခပ်မာမာ ဦးထုပ်ကြီးဆောင်းထားတယ်။ တောက်ပနေတဲ့ ငွေရောက်ကြယ်သီးတွေနဲ့ အနက်ရောင် ကုတ်အင်္ကျီရယ်၊ အဝါရောင်တောက်တောက် ဘောင်းဘီရယ် ဝတ်ထားတယ်။ သူ စကားပြောတဲ့အခါ သူ့မေးသိုင်းကြိုးက အထက်အောက်လှုပ်ခါနေတော့ သူ ပြောတာကို ကျွန်မ အာရုံမစိုက်နိုင်ဘူးဖြစ်နေတယ်။

''မန်ဒီ ... မီးကနည်းနည်းပဲလား၊ များလား သမီး''လို့ သူကမေးတယ်။ သူ့အသံက ကြင်ကြင်နာနာနဲ့ အလျင်စလို။ ကျွန်မ ကြိုးစားဖြေရမှာ သိပါတယ်ရှင်။

''မီးက များတယ်''

သူ့ကို ကျွန်မ ကူညီချင်တယ်။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး သူထွက်သွားတယ်။

ကျွန်မ ဆိုဖာပေါ် ခေါင်းပြန်မှီလိုက်တယ်။ ပင်ပန်းလိုက်တာရှင်။ မျက်လုံးတွေ မှိတ်ထားလိုက်တယ်။

ကျွန်မ ဘာမှမသိတော့ဘူး။ အသံတွေက တိုးလိုက် ကျယ်လိုက်နဲ့ အရာအားလုံးက ပျောက်ကွယ်သွားသလိုပဲ။ အိပ်မက်မက်နေသလိုလို။

\+ + + + +


mgyoe.com

mgyoe.com SAMPLE BOOK

''အမန်ဒါရေ''

ကျွန်မခုတင်ဘေးမှာ သူနာပြုက ရပ်နေပြီး ကြင်ကြင်နာနာ ပြုံးပြနေတယ်။

''အင်း''

ကျွန်မအသံက ဗလုံးဗထွေး။ သူရပ်နေတာ ဘယ်လောက်ကြာနေပြီလဲမသိဘူး။

''ဒီနေ့ သမီးဆီ ဧည့်သည်အသစ်တွေလာကြမှာ။ သူတို့တွေက သမီးနဲ့ စကားပြောဖို့လာကြမှာ။ စုံထောက်တွေပေါ့။ သမီးအကူအညီလိုနေကြတာ၊ သမီးအဆင်ပြေရဲ့လားဟင်''

ကျွန်မ ငိုက်မျဉ်းနေတုန်းမို့ ခေါင်းပဲညိတ်ပြလိုက်တယ်။ သူက သူနာပြုငယ်ငယ်လေးလေး။ ရွှေရောင်ဆံထုံးနဲ့ အရပ်ခပ်မြင့်မြင့်။ ကျွန်မခုတင်ကနေ အမြဲစောင့်ကြည့်နေကျသူလေးပေါ့။ ကျွန်မအလေးသွားချင်ရင် ဆီးအိုးယူလာပေးတာသူပေါ့။ အစားအသောက်ကိုတာဝန်ယူပြီး မကြာခဏ လုပ်ပေးတတ်သေးတယ်။ ကျွန်မခြေထောက်တွေကို ပတ်တီးစည်းထားတာမို့ ခုတင်ကနေ မထနိုင်ဘူး။ ခြေထောက်အောက်ကနေ ပေါင်ရင်းထိစည်းထားရတယ်။ ကျွန်မကို လစ်စတာဆေးရုံကိုခေါ်လာတဲ့အချိန်မှာ ဆရာဝန်တွေကရှင်းပြတယ်။ ခြေထောက်မှာ မီးလောင်ဒဏ်ရာတွေ ခံထားရတာကြောင့် ဆေးရုံတက်ဖို့လိုတဲ့အကြောင်းတွေပေါ့။

အဲဒါကြောင့် ကျွန်မ ဆေးရုံမှာပဲ နေ့စဉ်နဲ့အမျှ ပိတ်မိနေတာပေါ့ရှင်။ နေ့ရက်တွေ၊ နာရီ၊ မိနစ်တွေ တချက်ချက်နဲ့ ကုန်လွန်သွားပြီ။ ကျွန်မ အိမ်သာသွားချင်ရင် သူတို့ဆီးအိုးယူလာပေးတတ်တယ်။ အခြားနေရာသွားဖို့လိုအပ်လာရင် ဘီးတပ်ကုလားထိုင်နဲ့ခေါ်သွားပေးတတ်ကြတယ်။ ခွဲစိတ်မှုတွေလုပ်ရတယ်။ ပုံမှန်အစားစားလိုက်၊ မိသားစုတွေလာတွေ့လိုက်နဲ့ နေ့တိုင်း ဒီဆေးရုံလူနာဆောင်ရဲ့ခုတင်ပေါ်မှာပဲ နိုးထလာရတယ်။ မေမေ့အိပ်ခန်းထဲမှာတော့ မဟုတ်ဘူးပေါ့ရှင်။ လူနာဆောင်ထဲမှာ အခြားကလေးတွေ၊ နံရံမှာအရုပ်အရောင်စုံတွေနဲ့ ပြည့်နေပေမဲ့ အိမ်မှမဟုတ်တာ။ လုံးဝမတူဘူးရှင့်။ ကျွန်မခုတင်ပေါ်မှာလဲ အမွေးပွပွအရုပ်တွေ၊ မိသားစုဆီကလက်ဆောင်တွေနဲ့ ပြည့်နေတာ။ ဒါပေမဲ့မီးမလောင်ခင်ကလိုမျိုး မေမေ့အိမ်ကအငွေ့အသက်တွေ ဒီမှာမရှိဘူး။ မေမေလည်းမရှိဘူး။ အရင်ကအရာတွေ ဘာမှမရှိပါလား။ ကျွန်မဘဝက အရင်နဲ့ လုံးဝမတူတော့ဘူး။

ခံ့ခံ့ညားညား၊ သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ လူကြီးတစ်ယောက်က ကျွန်မခုတင်နားလာပြီး သူ့နောက်မှာလဲ အပြာရင့်ရောင်ဝတ်စုံနဲ့ အမျိုးသမီးတစ်ယောက်ပါလေရဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

သူက ပလတ်စတစ်ခုံနှစ်ခုံကို ဆွဲယူလိုက်တာမို့ တချောက်ချောက်နဲ့ အသံကျယ်ကျယ် မြည်သွားတယ်။

''ဟဲလို အမန်ဒါ''လို့ အမျိုးသမီးက ခုတင်ရှေ့ကထိုင်ခုံမှာ ထိုင်ချရင်း နှုတ်ဆက်တယ်။ မိတ်ကပ်ထူထူလိမ်းထားတဲ့ သူ့အပြုံးက လေးလေးနက်နက်။

''အန်တီက ရဲဘက်ကစုံထောက်ပါ''

ကျွန်မ ဘာများတုံ့ပြန်လေမလဲလို့ သူကကြည့်ရင်း စကားပြောရပ်သွားတယ်။ ကျွန်မကတော့ မလှုပ်မယှက်။

''ရဲတွေ ဘာအလုပ်လုပ်တာလဲဆိုတာ သိလားဟင် သမီး''

ကျွန်မက ခေါင်းညိတ်ပြပြီး ပေါင်ပေါ်ကဝက်ဝံရုပ်သေးသေးလေးကို ခပ်တိုးတိုးလေး ပြောလိုက်တယ်။

''လူတွေကိုကူညီတာ မဟုတ်လားဟင်''

''ဟုတ်တာပေါ့ အမန်ဒါရဲ့၊ အန်တီတို့က လူတွေကို ကူညီတာ။ မကောင်းတာ လုပ်တဲ့လူဆိုးတွေကိုလဲ ဖမ်းတာ။ အန်တီ့နာမည်က ဆန်ဒရာပါ။ မီးရှို့လိုက်တဲ့လူဆိုးကို ဖမ်းဖို့ အန်တီတို့ကို ကူညီချင်တယ်မဟုတ်လား''

''ဟုတ်ကဲ့''

''ကောင်းပြီ''လို့ သူကပြောရင်း အိတ်ထဲက အနက်ရောင်ဖိုင်တွဲကြီးကို ထုတ်ပြီး ခုတင်ပေါ် တင်ထားလိုက်တယ်။ သူနဲ့အတူပါလာတဲ့လူကြီးက ဘေးမှာဝင်ထိုင်လိုက်တယ်။

''ဒါက 'ဘန်'ပါ သမီး''လို့ ဟိုလူ့ကို လက်ဟန်နဲ့ မိတ်ဆက်ပေးတယ်။ လူကြီးက ဆံပင်နက်မှောင်မှောင်၊ သပ်သပ်ရပ်ရပ်၊ ခဲတံကိုင်ထားပြီး သူ့ပေါင်ပေါ်မှာ မှတ်စုစာအုပ် ရှိနေလေရဲ့။

''ဘန်ကလဲ ရဲစုံထောက်ပဲလေ။ သူ့မှတ်စုစာအုပ်မှာ သမီးပြောသမျှကို ချရေးမှာ၊ အဆင်ပြေလားဟင်''

ကျွန်မ ခေါင်းထပ်ညိတ်ပြလိုက်တယ်။ လူကြီးလက်ထဲကမှတ်စုစာအုပ်လေးကို သဘောကျမိတယ်။ စာအုပ်လေးကသေးလွန်းလို့ သူ့လက်တစ်ဖက်တည်းမှာတင် အံဝင်ခွင်ကျ။ ကျွန်မရဲ့မှတ်စုစာအုပ်တွေလို ဘေးတိုက်တစ်ရွက်ချင်း လှန်ရတာမျိုး မဟုတ်ဘဲ အပေါ်ကနေ ဒေါင်လိုက်လှန်ရတာမျိုးပေါ့။ သူ စာအုပ်လှန်တာကြည့်ရင်း ကျွန်မတောင် လုပ်ကြည့်ချင်လာတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

''အန်တီတို့ ဒီဖိုင်ထဲမှာ ပုံတချို့ရှိတယ်''လို့ ဆန်ဒရာကပြောရင်း ဖိုင်တွဲကြီးကို ပင့်မပြီး အလယ်ကနေဖွင့်လိုက်တယ်။ ဖိုင်တွဲထဲမှာ ပလတ်စတစ်ဖိုင်တွဲလေးတွေ အများကြီးပဲ။ တစ်ခုစီကို အိတ်သေးသေးလေးတွေပါပြီး ယောကျ်ားကြီးတွေရဲ့မျက်နှာပုံတွေ ထည့်ထားတယ်။

''ဒီထဲကတစ်ယောက်ယောက်က သမီးအိမ်ထဲဝင်ပြီး မီးရှို့ခဲ့တာလို့ မျှော်လင့်ရတာပဲ။ ဘယ်သူမှန်း အန်တီတို့မသိတဲ့အတွက် သမီးအကူအညီလိုတယ် အမန်ဒါ။ သမီး ကြိုးစားပြီး ဘယ်သူလဲဆိုတာ အန်တီတို့ကိုပြောပြနော်''

ကျွန်မ ခေါင်းထပ်ညိတ်ပြီး အန်တီဆန်ဒရာ ပလတ်စတစ်ဖိုင်တွဲလေးတွေကို လှန်လှောရင်း ပုံရှာတာကို ကြည့်နေမိတယ်။ သူ့လက်သည်းတွေက ရဲရဲလေး။ လက်ညှိုးတွေမှာလဲ ရွှေလက်စွပ်လေးတွေအပြည့်။ ဖိုင်တွဲလေးတွေကိုလှန်နေတဲ့ သူ့လက်ချောင်းလေးတွေကိုကြည့်ရတာ ကျွန်မမျက်စိထဲမှာတော့ အနီရောင်နဲ့ရွှေရောင်တွေ ပြိုးပြိုးပြက်ပြက်ဖြစ်ရင်း မှင်တက်နေမိတယ်။

အခု အန်တီဆန်ဒရာက ဖိုင်တွဲတစ်ခုရဲ့ကလစ်ကိုနှိပ်ပြီး ထုတ်လိုက်တော့ လူကြီးလေးယောက်ရဲ့ပုံကို တွေ့ရတယ်။ မျက်နှာတွေက ခပ်တည်တည်နဲ့ ဒေါသတကြီးပုံတွေ။ ဒါပေမဲ့ ကျွန်မအိမ်ကိုမီးရှို့ခဲ့တဲ့ လူဆိုးကြီးမပါမှန်း ချက်ချင်းသိသွားတယ်။

''သမီး အချိန်ယူစဉ်းစားစေချင်တယ် အမန်ဒါ။ သမီးကို အန်တီပြတဲ့ ဒီပုံတွေကို သေချာကြည့်ပြီး သမီးအိမ်ကိုမီးရှို့ခဲ့တဲ့လူပါလားဆိုတာ ပြောနော်။ အဆင်ပြေတယ် မဟုတ်လားဟင်။ သမီးလုပ်နိုင်တယ် မဟုတ်လားဟင်''

ဒီသဘောကောင်းတဲ့အမျိုးသမီးကို ကျွန်မသိပ်ကူညီချင်တာမို့ ခေါင်းသွက်သွက် ညိတ်ပြလိုက်တယ်။ ကျွန်မသာ သူ့ကိုကူညီလိုက်ရင် ဟိုလူဆိုးကို သူဖမ်းပေးနိုင်လောက်မယ်ဆိုတာ သိတာပေါ့ရှင်။ ဒါပေမဲ့ ဟိုလူဆိုးကြီးက ဒီမှာမပါဘူး။ ဓာတ်ပုံတွေကို မိနစ်အနည်းငယ်လောက် တိတ်တိတ်လေးကြည့်ပြီးတော့ အန်တီဆန်ဒရာက ''ဟိုလူဆိုးကြီးပါလား'' လို့မေးတယ်။ ကျွန်မ ခေါင်းခါပြလိုက်တယ်။

''ကောင်းပြီ''လို့ သူကပြောရင်း ဖိုင်တွဲနောက်တစ်ခုထုတ်တယ်။

''ဒါလေးတွေထပ်ကြည့်လိုက်နော်''

ဒုတိယမြောက်ဖိုင်တွဲမှာလဲ ဟိုလူဆိုးကြီး မပါပြန်ဘူး။ တတိယမြောက်၊ စတုတ္ထမြောက် ဖိုင်တွဲမှာကောပဲ။ ဒေါသတကြီးမျက်နှာတွေနဲ့ပုံတွေ တစ်ပုံပြီးတစ်ပုံ ထပ်ပြနေလေရဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

အန်တီဆန်ဒရာရဲ့ လက်ထိပ်နီနီလေးက လူကြီးတစ်ယောက်ချင်းစီရဲ့မျက်နှာတွေကို ထောက်ပြတယ်။

''ဒါ မဟုတ်ဘူးလား၊ ဒါကော''

ကျွန်မပင်ပန်းလာပေမဲ့ လက်မလျှော့ဖို့ ဆုံးဖြတ်ထားတယ်။ ကျွန်မနဲ့ မေမေ့ကို တိုက်ခိုက်ခဲ့တဲ့ ဟိုလူဆိုးကြီးရဲ့မျက်နှာကို မှတ်မိတာမို့ အန်တီဆန်ဒရာပြတဲ့ပုံတွေကို ကြိုးစားကြည့်ခဲ့တာပဲ။

''ဒီလူလားဟင်''

''မဟုတ်ဘူး အန်တီ''

''ဒါကော မဟုတ်ဘူးလား''

''မဟုတ်ဘူး''

ရဲတွေကိုကူညီဖို့ ကျွန်မကြိုးစားအားထုတ်ခဲ့တာကြောင့် ခြေကုန်လက်ပန်းကျသွားလို့ အဲဒီညမှာ အိပ်ရာထဲလှဲနေမိတယ်။ ကျွန်မစိတ်ထဲက ဟိုလူကြီးရဲ့ပုံတစ်ပုံမှ မပါတော့ အန်တီဆန်ဒရာနဲ့ ဦးဦးဘန်ပြန်သွားတဲ့အခါ ကျွန်မ နေလို့မကောင်းတော့ဘူး။ သူတို့ကို တကယ်ကူညီချင်ခဲ့တာပါ။ ဝက်ဝံရုပ်လေးကို တင်းတင်းကျပ်ကျပ် ဖက်နေမိတယ်၊ ဟိုလူဆိုးကြီးကို သူတို့ တကယ်ရှာတွေ့စေချင်ခဲ့တာပါရှင်။ သူ့ပုံစံကို ကျွန်မမှတ်မိတယ်။ အရာအားလုံးမှတ်မိတာ။ ရယ်စရာကောင်းတာကလေ အဲဒီနေ့မနက်မှာ ကျွန်မ ဘာတွေဖြစ်ခဲ့လဲလို့ သူတို့တွေ မမေးကြတာပဲ။ ဟိုလူဆိုးကြီး ဘာတွေလုပ်ခဲ့လဲ ဆိုတာကောပေါ့။ ခေါင်းတွေရှုပ်လာပြီ။

''အဲဒီလူကြီး ဘာတွေလုပ်ခဲ့လဲလို့ သူတို့ ဘာလို့မမေးကြတာလဲဟင်''

အဲဒီညမှာ သူနာပြုတွေက ခုတင်တစ်ခုပြီးတစ်ခုကြား တိတ်တဆိတ်နဲ့ ခပ်သွက်သွက်လေး ကူးသွားနေကြတယ်။

''ကျွန်မ မသိဘူးလို့ သူတို့ထင်နေကြတယ်။ ဘာမှမမှတ်မိဘူးလို့ သူတို့ ထင်နေကြတာပေါ့။

ဒါပေမဲ့ ကျွန်မသိတယ်။

အားလုံးကိုမှတ်မိတာပေါ့ရှင်''

✵


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၃

## ကြက်ကြော်နှင့် အာလူးချောင်းကြော်

''သမီး အဆင်သင့်ဖြစ်ပြီလား အမန်ဒါ''လို့ ခွဲစိတ်ခန်းသုံးမျက်နှာဖုံးတပ်ထားတဲ့ ဆရာဝန်ကမေးတော့ သူ့အသံကို သဲသဲကွဲကွဲမကြားရဘူး။ ကျွန်မ ခေါင်းညိတ်လိုက်ပေမဲ့ ကြောက်လိုက်တာရှင်။ သူ့ပေါင်ပေါ်မှာ အပ်အကြီးကြီးကိုမြင်နေရတာမို့ သူလာလုပ်မလဲ ဆိုတာ ကျွန်မသိတယ်။ သက်ပြင်းချလိုက်မိတယ်။ ဒီနေ့က ခွဲစိတ်ရမဲ့နေ့ပေါ့။ ခွဲစိတ်ခန်း ခုတင်ပေါ်မှာ လဲလျောင်းရင်း မျက်နှာကြက်ပေါ်က ကာတွန်းတိရစ္ဆာန်လေးတွေကို ငေးနေမိတယ်။ ကျွန်မလိုကလေးတွေကို စိတ်သက်ရာရစေဖို့ ဆွဲထားတာပဲဖြစ်ရမယ်။ ဒါပေမဲ့ အနီရောင်စကပ်တိုတိုလေးဝတ်ထားတဲ့ ဝက်ဝံလေးက မီးခိုးရောင်မြင်းနဲ့ သစ်ကုလားအုတ်တို့ကို လက်တွဲထားပြီး ရယ်မောနေကြတာကိုမြင်ရလဲ ကျွန်မ နေလို့မကောင်းပါဘူးလေ။

''မှတ်မိတယ်နော် မန်ဒီ၊ ဒါပြီးရင် ကြက်ကြော်နဲ့ အာလူးချောင်းကြော် စားရတော့မယ်နော်''လို့ ဆံထုံးနဲ့ သူနာပြုငယ်ငယ်လေးကပြောတယ်။ သူက ဆေးထိုးအပ်ကြီး ကိုင်ထားတဲ့ ဆရာဝန်နောက်မှာ ရပ်နေတာပေါ့။ သူ့အသံက စာစာ စာစာနဲ့ မြူးကြွနေရော။

''ကြက်ကြော်နဲ့ အာလူးချောင်းကြော်တဲ့''

သူတို့ အမြဲ အဲဒီလိုပဲ ပြောနေကျ။ ကျွန်မနေကောင်းမယ်လို့ ထင်နေမှာပေါ့။ မကြောက်သင့်ဘူး၊ မစိုးရိမ်သင့်ဘူးလို့တော့ ပြောကြတာပါပဲ။ အရေပြားအစားထိုးတဲ့ ခွဲစိတ်မှုကိုပေါ့။ ခွဲစိတ်ပြီးရင် ကျွန်မကြိုက်လောက်မဲ့ ကြက်ကြော်နဲ့ အာလူးချောင်းကြော် စားရမယ်တဲ့လေ။

mgyoe.com

mgyoe.com SAMPLE BOOK

ထူးဆန်းလိုက်တာနော်။ ကျွန်မကြိုက်တယ်လို့ သူတို့ ဘာကြောင့်ထင်နေကြလဲ မသိဘူး။ သတိပြန်ရလာတဲ့အခါ ကြက်ကြော်တို့ ကြက်ပေါင်ကင်တို့ ကျွေးရင်တော့ ကြိုက်ပါတယ်။ ဒါပေမဲ့ အာလူးချောင်းကြော်ကကော၊ အဆင်တော့ပြေပါတယ်။ ကျွန်မ အကြိုက်ဆုံးအစားအစာတော့ မဟုတ်ဘူးပေါ့လေ။

လက်ကို အပ်ကြီးနဲ့ထိုးခံရဖို့စောင့်နေတုန်း ကျွန်မစဉ်းစားနေသလို သူတို့ကလည်း ကြက်ကြော်နဲ့အာလူးချောင်းကြော်က ကျွန်မအကြိုက်ဆုံးအစာအစာလို့ တွေးနေမှာ ပေါ့လေ။ မခွဲစိတ်မီ တစ်နေ့လုံး အစားမစားရတဲ့ ပထမဆုံးခွဲစိတ်မှုဖြစ်တာကိုး။ ဒါကြောင့် ကျွန်မ ဗိုက်ဆာနေလို့ ပန်းကန်ရှေ့ရောက်လာတာနဲ့ အပြောင်စားမှာ အသေအချာပဲ။ "ခွဲစိတ်မှုအသစ်တွေ ထပ်လုပ်ရအုံးမယ်"လို့ ဘွားဘွားကတော့ ရှင်းပြခဲ့တာပဲ။ လစ်စတာ ဆေးရုံက ဆရာဝန်တွေ သိပ်မလုပ်နိုင်တဲ့ အဆင့်မြင့်ခွဲစိတ်မှုတွေဖြစ်လို့ လန်ဒန်က ဆရာဝန် ဒီကိုရောက်လာတာ။ အရေပြားအစားထိုးခွဲစိတ်မှုလို့ ခေါ်ကြတာပဲ။ ဘွားဘွားက စိတ်သက်သာရာရအောင် အားပေးစကားပြောပေမဲ့ ကျွန်မ လုံးဝစိတ်မအေးဘူး။ နည်းနည်းလေးတောင် စိတ်မအေးတာရှင်။ ဆရာဝန်သာ တစ်ခုခုမှားသွားရင် ဘယ်လို လုပ်မလဲ။ ကြောက်လိုက်တာရှင်။ ဆိုလိုတာကလေ သူက ဒီလိုခွဲစိတ်မှုမျိုး အကြိမ်ပေါင်း များစွာ မလုပ်ခဲ့ဖူးတော့ အဆင်ပြေအောင် လုပ်နိုင်ပါ့မလားဟင်။

ဒါပေမဲ့ ကျွန်မမှာ ရွေးချယ်စရာ များများစားစား မရှိပြန်ဘူး။ ခြေထောက်တွေမှာ အရေပြားအစားထိုးတာတွေလုပ်နေသမျှ ကာလပတ်လုံး ကျွန်မ ဆေးရုံတက်နေရတော့ တာပါပဲ။ မီးလောင်မှုကြောင့် နာကျင်စရာတွေ မခံစားရဘူးဆိုတာက လတ်စသတ်တော့ ကျွန်မခြေထောက်နဲ့ ခြေသလုံးနားက အရေပြားတွေအားလုံး လောင်ကျွမ်းသွားတာ ကြောင့်ကိုး။ အဲဒါကြောင့် လေ့ကားကနေချိုပြီး ခေါ်သွားခံရတုန်းက အရည်ကြည်ဖုတွေ တွေ့ခဲ့ရတာပေါ့။ ပေါင်တံကအရေပြားနည်းနည်းယူပြီး ခြေထောက်နဲ့ညှို့သကျည်းမှာ ပြန်အစားထိုး ကုသရတာပေါ့ရှင်။ ထူးထူးဆန်းဆန်းကြီးမို့ ဒီလိုခွဲစိတ်ခံရတာတွေ မုန်းလိုက်တာ။ ဒါပေမဲ့လဲ ကျွန်မစိတ်တိုင်းကျဖြစ်လို့မှမရတာရှင်။ ဒီကုသမှုက အကောင်း ဆုံးလို့ ဆရာဝန်တွေကပြောကြတော့ ကျွန်မ ကျေနပ်ပျော်ရွှင်သင့်တယ်လို့ ဆိုရမှာပေါ့ရှင်။ အဲဒါကြောင့် ကြာသပတေးနေ့တိုင်း ကြက်ကြော်နဲ့အာလူးချောင်းကြော် စားရတော့မယ်လို့ မျှားခေါ်ခံရပြီး ခွဲစိတ်ခန်းထဲ ဝင်ရတော့တာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

အခု ခွဲစိတ်ခန်းထဲမှာ ဆရာဝန်တွေ၊ သူနာပြုတွေအပြည့်။ သူတို့ကိရိယာတွေ၊ စက်တွေနဲ့ ကိုယ်စီအလုပ်ရှုပ်နေကြတယ်။ ကျွန်မဘေးမှာထိုင်နေတဲ့ အပ်ကြီးကြီးကိုင်ထားတဲ့ဆရာဝန်ကို လှည့်ကြည့်လိုက်တယ်။ သူက အပ်ကြီးကို လေပေါ်မြှောက်ပြီး လက်ဆစ်နဲ့နှစ်ချက်ခေါက်တာကို ကျွန်မကြည့်နေရင်း စိတ်ဝင်စားသွားသလို တစ်ချိန်တည်းမှာပဲ ကြောက်သွားတယ်။ အဲဒီနောက် သူက တခြားဆရာဝန်တစ်ယောက်နဲ့ အကြည့်ချင်းဖလှယ်ပြီး နှစ်ယောက်လုံးက ခပ်သွက်သွက်ခေါင်းညိတ်လိုက်ကြတယ်။

''အိုကေ အမန်ဒါရေ၊ သမီးအဆင်သင့်ဖြစ်ရင် တစ်ဆယ်ထိရေတွက်လိုက်ရအောင်'' လို့ သူက ကျွန်မဘက်လှည့်ပြောရင်း လက်နောက်ဘက်ပေါ် အပ်တင်လိုက်တယ်။

ကျွန်မ အသက်ပြင်းပြင်းရှူပြီး မျက်နှာကြက်က ရယ်မောနေတဲ့ဝက်ဝံကို ငေးကြည့်နေလိုက်တယ်။ ''အား''။ အပ်က အသားထဲဖောက်ဝင်လာတော့ စူးခနဲပဲ။ ပြီးတော့ ပြန်ဆွဲထုတ်လိုက်တာကို ခံစားမိတယ်။ 'ဘာကြောင့်များ ဝက်ဝံက အနီရောင်စကပ်တိုတိုလေး ဝတ်ထားရတာလဲ'။

''တစ်၊ နှစ်၊ သုံး၊ လေး . . .''

''အား''

သူနာပြုနှစ်ယောက်က လူနာဆောင်မှာရှိတဲ့ ကျွန်မခုတင်ပေါ် ကျွန်မကို ညင်ညင်သာသာလေး မ,တင်လိုက်တော့ စူးခနဲအော်မိတယ်။ ခြေထောက်တွေနာလိုက်တာရှင်။ ခပ်စောစောပိုင်းကမှ ခွဲစိတ်ပြီး လူနာခန်းထဲမှာ သတိပြန်လည်လာတာမို့ ထုံးစံအတိုင်း မူးနောက်နောက်နဲ့ ပျို့အန်ချင်နေတယ်။ ခွဲစိတ်မှုပြီးတိုင်း မူးဝေပြီးနာကျင်နေတာက အဆိုးဆုံးပဲ။ ခွဲစိတ်ပြီးလူနာခန်းက သူနာပြုဆရာမက ကျွန်မကို လူနာဆောင်ပြန်မပို့ခင် ရေအနည်းငယ်တိုက်ပြီး စစ်ဆေးနေကျပဲ။

ဒီနေ့ ကျွန်မခြေထောက်တွေက ခါတိုင်းထက် ပိုနာနေသလိုပဲ။

''သတိထားအုံး''လို့ ခပ်ပုပုအမျိုးသားသူနာပြုက ကျွန်မရဲ့ တစ်ဖက်က သူနာပြုကို တိုးတိုးလေးလှမ်းပြောရင်း ကျွန်မကို ခုတင်ပေါ်တင်လိုက်ကြတယ်။

''အိုခေ . . . တစ်၊ နှစ်၊ သုံး''

''အား''။ ဒီတစ်ခါတော့ တကယ့်ကိုနာလိုက်တာရှင်။ ခြေထောက်တွေကို ငုံ့ကြည့်လိုက်တော့ ပေါင်ထိပတ်တီးတွေစည်းထားတာ။ အရင်လိုပဲပေါ့။ သန့်သန့်ရှင်းရှင်းနဲ့ အသစ်စက်စက် ပတ်တီးတွေက တင်းကျပ်နေတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

''အဆင်ပြေရဲ့လားဟင် သမီး'' လို့ အမျိုးသားသူနာပြုက မေးတယ်။ သူ့ဆံပင်နက်တွေက တွဲရရွဲ၊ အပေါ်နှုတ်ခမ်းမှာတော့ ချွေးသီးလေးတွေ ဥနေလို့ တောက်ပနေတယ်။

''ဟုတ်ကဲ့''လို့ ခပ်မြန်မြန်ဖြေလိုက်တယ်။

''ရွှေ့တုန်းကပဲနာတာပါ၊ အခုအဆင်ပြေပါတယ်''

ကျွန်မ သူ့ကိုပြုံးပြလိုက်တော့ သူလဲ စိတ်သက်သာရာရသွားပြီး ပြုံးရယ်ပြတယ်။ အဲဒီနောက် အပေါ်နှုတ်ခမ်းကို အင်္ကျီလက်နဲ့ သုတ်လိုက်ပြီး သူတို့နှစ်ယောက်လုံး တွန်းလှည်းတွန်းရင်း ထွက်သွားကြလေရဲ့။

ဆေးရုံအထွေထွေလုပ်သားက ခဏနေတော့ နေ့လယ်စာနဲ့အတူရောက်လာရော။ ကတိပေးထားတဲ့အတိုင်း ကြက်ကြော်နဲ့ အာလူးချောင်းကြော်ပေါ့လေ။ သူ ကျွန်မအတွက် ရေဖြည့်ပေးနေတုန်း ခပ်ဖျော့ဖျော့ပြုံးပြလိုက်တယ်။ အမှန်အတိုင်းပြောရရင် ဗိုက်မဆာဘူး။ 'ဒါက ကျွန်မအကြိုက်တဲ့။ ဟုတ်ရဲ့လားရှင်'။ ဆရာဝန်တွေ၊ သူနာပြုတွေက ဒီအတိုင်းထင်နေကြတာမို့ သူတို့ကို စိတ်မပျက်စေချင်ဘူးလေ။ အဲဒါကြောင့် နည်းနည်းတော့ စားလိုက်တယ်။ ဒါပေမဲ့ ဒီအာလူးချောင်းကြော်အနံ့တွေကြောင့် မအီမသာဖြစ်ရင်း ပျို့အန်ချင်လိုက်တာရှင်။

''သမီးဘွားဘွား ဒီနေ့လာမှာလားဟင်''

နေ့လယ်စာစားပြီးနောက် သူနာပြုအုပ်လာကြည့်တဲ့အချိန် မေးလိုက်တယ်။

''လာမယ်ထင်တယ်''လို့ သူက ရေရွတ်ရင်း ဇယားမှာ တစ်ခုခုရေးလိုက်တယ်။

''ဘယ်တစ်ယောက်လဲဟင်''

''ဘယ်တစ်ယောက်လဲဟုတ်လား''လို့ သူကရေးရင်းပြန်ပြောလိုက်တော့ သူ့မျက်ခုံးတွေက စိတ်ရှုပ်ထွေးပုံနဲ့ တွန့်သွားတယ်။

''ဟုတ်၊ ဘယ်ဘွားဘွားလဲဟင်။ ဘွားဘွားအိဗ်လား၊ ဘွားဘွားဖလော့စ်လားဟင်''

''အင်း မသိဘူး အမန်ဒါရယ်၊ သွားကြည့်ပေးမယ်နော်''

သူ့ခမျာ သူနာပြုနားနေခန်းဆီသွားပြီး ဧည့်သည်စာရင်းကို ကြည့်လိုက်ရတော့ အလုပ်ရှုပ်သွားလေရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဘွားဘွားအိဗ်က ဖေဖေ့ရဲ့မေမေလေ။ သူနဲ့ ဘိုးဘိုးဖရန့်ခ်တို့က ပဒ်ဒေါ်ခ်လမ်းမှာ ရှိတဲ့ အိမ်ကြီးအိမ်ကောင်းမှာနေပြီး ဖေဖေကလဲ သူတို့နဲ့အတူနေတာပေါ့။ အရင်တုန်း ကတော့ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်မရယ် ကိုလက်စထရိတ်မှာ နေခဲ့ဖူးတယ်။ ဒါပေမဲ့ သိပ်ကြာခဲ့ပါပြီ။ သိပ်ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ကြီးမဖြစ်ခင်က ဖေဖေ့ကို သိပ်မတွေ့ရဘူး။ ဘွားဘွားအိဗ်နဲ့ ဘိုးဘိုးဖရန့်ခ်ဆီ သွားလည်တဲ့အချိန်လောက်ပဲ တွေ့ရတော့ ဖေဖေ့အကြောင်း သိပ်မသိဘူး။ ဘွားဘွားအိဗ်က ပုလုံးလုံးလေး။ အသား ညိုစိမ့်စိမ့်နဲ့ ဆံပင်ကလည်း အညိုရောင်ကောက်ကောက်လေးတွေ။ မျက်လုံးက ညိုညိုလေး။ သူ့ကြည့်ရတာ တခြားနိုင်ငံက ရောက်လာသလိုပဲ။ အမြဲတစေတော့ သပ်သပ်ရပ်ရပ်နဲ့ ကြော့ကြော့မော့မော့လေး ဝတ်စားတတ်တယ်။ ဘိုးဘိုးဖရန့်ခ်က ပိန်ပိန် ရှည်ရှည်၊ ဆံပင်တွေက ဖြူနေပြီ။ ရုပ်အင်္ကျီရယ်၊ နက်ကတိုင်ရယ်ဝတ်ထားတတ်တယ်။ အလုပ်မသွားရပေမဲ့လဲပေါ့။

ကျွန်မက ဘွားဘွားဖလော့စ်နဲ့ ဘိုးဘိုးဘိလ်တို့နဲ့ ပိုရင်းနှီးတယ်။ မီးလောင်မှု မဖြစ်ခင်ကဆို ဘွားဘွားဖလော့စ်က အိမ်ကို ခဏခဏလာလည်တာ။ သူနဲ့မေမေက တပူးပူးတကပ်ကပ်။ ဘွားဘွားက ချစ်စရာကောင်းပြီး ကြင်နာတတ်တော့ ကျွန်မ သိပ်ချစ် တာပေါ့ရှင်။ ကျွန်မ ဒီမှာရှိနေတုန်း လက်ဆောင်တွေအများကြီးလဲ ယူလာတတ်သေးတယ်။

''ဘွားဘွားဖလော့စ်နဲ့ ဘိုးဘိုးဘိလ်လာမှာ''လို့ သူနာပြုအုပ်က နားနေခန်းကနေ လှမ်းအော်ပြောတယ်။

''မကြာတော့ဘူး၊ ရောက်တော့မှာ အမန်ဒါရေ''

ကျွန်မ ခေါင်းညိတ်ပြပြီး သူနာပြုနားနေခန်းထဲကနာရီကို ကြည့်လိုက်ပြန်တယ်။ ဆေးရုံမှာ အချိန်ဆိုတာ ရယ်စရာကောင်းလိုက်တာနော်။ တစ်ခါတလေ အချိန်ကုန်တာ နှေးလွန်းတယ်။ စိတ်ညစ်စရာပဲ။ တချို့အချိန်တွေမှာဆိုရင်လဲ စဉ်းစားတွေးတောဖို့ အခွင့် အရေးတောင် မရဘူး။ ရက်တရက် ညအချိန်ရောက်သွားပြန်ရော။ ဒီမနက်မခွဲစိတ်ခင် တုန်းက ရေးနေတဲ့မှတ်စုစာအုပ်ကို ကောက်ကိုင်လိုက်ပြီး ရေးထားတာတွေကို ဟိုလှန် ဒီလှန်နဲ့ကြည့်နေလိုက်တယ်။ အပေါ်အောက်ဆွဲထားတဲ့ပုံတွေ တစ်ခုပြီးတစ်ခုကြည့်နေတာ။

လူနာဆောင်မှာ ကျွန်မတို့လုပ်ရတဲ့အလုပ်ပေါ့ရှင်။ မခက်ခဲပေမဲ့ အချိန်ကုန်လွန် စေမယ်လို့ထင်ရတာပဲ။ ဒီမှာ တချို့ကလေးတွေနဲ့တွေ့ပေမဲ့ ကျွန်မက ခုတင်ပေါ်ကနေ မထနိုင်တော့ သူငယ်ချင်းဖြစ်ဖို့ ခက်တာပေါ့။ တစ်ခါတလေ ကျွန်မတို့ထဲက တစ်ယောက်

mgyoe.com

mgyoe.com
SAMPLE BOOK

ယောက်များ အရုပ်သစ်ရပြီဆိုရင် တစ်ယောက်ကိုတစ်ယောက် လက်ဆင့်ကမ်းပေးပြီး ကိုင်လိုက် ဆော့လိုက်လုပ်ကြတယ်။ အဲဒီလိုလုပ်တာ ကျွန်မတော့မကြိုက်ဘူးပေါ့ရှင်။ ပြီးခဲ့တဲ့အပတ်က ဘိုးဘိုးဖရန့်ခ်ဝယ်ပေးတဲ့ ဆိုင်မွန်ဂိမ်းစက်မှာ ခလုတ်ကြီးကြီး လေးခု ပါတယ်။ အနီ၊ အဝါ၊ အပြာ၊ အစိမ်းပေါ့။ ဆိုင်မွန်ကိုဖွင့်လိုက်တာနဲ့ ခလုတ်တွေက အစဉ်လိုက်မဟုတ်ဘဲ မီးလင်းလာတယ်။ တစ်ခါနဲ့တစ်ခါလဲ မတူဘူး။ အဲဒါကိုမှတ်ထား ရတယ်။ အရောင်တွေက တစ်ကြိမ်ထက်တစ်ကြိမ် ပိုခက်လာတာမို့ မမှားအောင် အာရုံ စိုက်ရတယ်။ သိပ်ကောင်းတဲ့လက်ဆောင်လေးမို့ ကျွန်မခုတင်မှာတင် ကစားလို့ရတယ်။ ပျင်းစရာမကောင်းတော့ဘူး။

ဒီဂိမ်းစက်လေးကို သဘောကျလွန်းလို့ ခဏခဏ ကစားနေပေမဲ့ တခြား ကလေးတွေကလဲ ကစားချင်တယ်လို့ သူနာပြုတွေကပြောတယ်။ ကျွန်မလဲ အင်တင်တင်နဲ့ ပေးကစားဖို့ သဘောတူလိုက်ရတယ်။ ပထမဆုံး မိန်းကလေးနှစ်ယောက်က စိတ်မဝင် စားတော့ ကယ်ဗင်လို့ခေါ်တဲ့ ကောင်လေးဆီ စက်ရောက်သွားရော။ သူက နည်းနည်း ကြမ်းတယ်။ အစပထမတော့ အစီအစဉ်ကို လိုက်မှတ်နိုင်ပေမဲ့ ဂိမ်းက ပိုခက်လာတဲ့အခါ သူ ဒေါသထွက်လာပြီး နမော်နမဲ့လုပ်နေတော့ ဂိမ်းစက်က ကြမ်းပြင်ပေါ်လွတ်ကျ သွားတယ်။ ကျွန်မ အသက်ရှူမှားရင်း တစ်ကိုယ်လုံးက စိုးရိမ်ပူပန်မှုကြောင့် တုန်လှုပ် နေတယ်။ *'သူချိုးလိုက်ရင် ဘယ်လိုလုပ်မလဲ။ ကျွန်မဘိုးဘိုးဆီက အထူးလက်ဆောင်ကို သူ ချိုးပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ'*။ ချက်ချင်းပေးသွားပြီး ဆွဲယူပစ်လိုက်ချင်တာ။ ဒါပေမဲ့ ခုတင်ပေါ်ကတောင် ထနိုင်တာမှမဟုတ်တာရှင်။ *'သူ နမော်နမဲ့နိုင်လိုက်တာ။ သူ့ဂိမ်းစက်မဟုတ်တော့ ဘယ်ဂရုစိုက်မလဲ'*။ ဒေါသထွက်လိုက်တာရှင်။

နောက်ဆုံးတော့ ကျွန်မ ကြောက်လာတာမို့ သူနာပြုတွေကို အော်ပြော လိုက်တယ်။

''ဆိုင်မွန်ကိုပြန်ယူပေးပါနော်၊ သမီးပြန်လိုချင်တယ်''

အသက်ကြီးကြီးသူနာပြု အက်ဂ်ျလေက ဇဝေဇဝါပုံစံနဲ့ ကျွန်မဆီ ဂိမ်းစက် ပြန်ယူလာပေးတယ်။

''ဘာလို့ ချက်ချင်းပြန်ယူချင်ရတာလဲသမီး''လို့ သူက မေးတယ်။ သူ့အသံက ထူးဆန်းတာမို့ ပင်လယ်ဘေးကမိုးရွာနေတဲ့နေ့ရက်တွေကို သတိရစေတယ်။ သူပြော သမျှက သီချင်းတစ်ပုဒ်လိုပဲ။ အိုင်းရစ်လေသံလို့တော့ ပြောဖူးတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

''သူ ချိုးပစ်လိုက်မှာစိုးလို့''လို့ ကျွန်မ တိုးတိုးလေးပြောလိုက်တယ်။

''နှစ်ခါတောင်လွတ်ကျသွားသေးတယ်၊ သမီးဘိုးဘိုးဝယ်ပေးထားတာမို့''

''အင်း၊ ဟုတ်ပါပြီ၊ သဘောပေါက်ပြီ။ ဒီဂိမ်းစက်လေးကကောင်းတော့ သမီးပဲ သေချာသိမ်းထားလိုက်တော့နော်''

ကျွန်မစိတ်တွေက ပြီးခဲ့တဲ့အပတ်က လက်ဆောင်အသစ်ရတဲ့နေ့ဆီ စိတ်ဂနာမငြိမ် မျောလွင့်ရင်း ပုံတွေဆွဲနေတယ်။ ပုံဆွဲရတာ သိပ်လွယ်တယ်။ ဆရာမက ဘာလို့ ဒါတွေပဲ အမြဲတမ်းဆွဲခိုင်းနေရတာလဲ။ အခြားအရာတွေလဲ လုပ်ချင်သေးတယ်။ ဒါပေမဲ့ ဆေးရုံမှာမို့ ဒီအလုပ်ပဲလုပ်စရာရှိတယ်။ မီးလောင်မှုမဖြစ်ခင်ကဆို ကျောင်းမှာ အဘေီစီတွေ၊ ပုစ္ဆာတွေ သင်ခဲ့ရတာ။ ပျော်စရာကောင်းတော့လေ စာတွေဖတ်ချင်သေးတယ်။ ပုစ္ဆာတွေတွက်ချင်သေးတယ်။ ခုတော့ ဒီကြောင်တောင်တောင်ပုံစံတွေပဲ ဆွဲနေရတယ်။ *'ဟွန်း . . . ဒါတွေကို မျက်စိမှိတ်ပြီးတောင် ဆွဲနိုင်တယ်'*။ ဒါကြောင့် မျက်စိမှိတ်ပစ်ပြီး အရင်ဆွဲထားသလို ပုံစံအတိုင်း ဆွဲလိုက်တယ်။

''အပေါ်အောက်၊ အပေါ်အောက်၊ အပေါ်အောက် . . .''

''အမန်ဒါ''

ဘွားဘွားဖလော့စ်အသံက နားထဲရောက်လာတာမို့ အံ့အားသင့်ပြီး လန့်တောင်လန့်သွားတယ်။ မဟုတ်ရင် အိပ်ပျော်သွားတော့မှာပဲ။

''ဘွားဘွား''

ကျွန်မ သွားပေါ်အောင်ပြုံးပြရင်း ဖက်လိုက်တော့ ဘွားဘွားရဲ့အထိအတွေ့တွေက နွေးထွေးလိုက်တာရှင်။ ဘိုးဘိုးဘိလ်က အနောက်မှာရပ်နေရင်း ပြုံးပြနေတာ။

''ဘိုးဘိုးနဲ့ဖက်လိုက်ပါအုံး''

''ဘိုးဘိုး''

ဘိုးဘိုးက ငုံ့ပြီး ကျွန်မကျောလေးကိုပုတ်ပေးတယ်။ နှစ်ယောက်လုံးကိုတွေ့ရတာ စိတ်ချမ်းသာလိုက်တာရှင်။ ကျွန်မသိတဲ့လူတွေပေါ့။ ကျွန်မကိုချစ်တဲ့လူတွေပေါ့။

''သမီးအတွက် တစ်ခုခုပါလာတယ်''လို့ ဘိုးဘိုးက စနောက်နေတယ်။

''ဘာလဲဟင်''

''သတ္တိရှိတဲ့ကလေးလေးအတွက် အထူးလက်ဆောင်ပေါ့''

''ဟင်''


mgyoe.com

mgyoe.com SAMPLE BOOK

''ခန့်မှန်းကြည့်ပါလား''

''ကဲ ပေးလိုက်ပါရှင်''လို့ ဘွားဘွားက ဘိုးဘိုးကို တံတောင်နဲ့တွက်လိုက်ပေမဲ့ သူတို့နှစ်ယောက်လုံး ပျော်နေကြတာ။

''ဝက်ဝံရုပ်လားဟင်''

''နီးစပ်လာပြီ၊ ထပ်ကြိုးစားကြည့်အုံး''

''ယုန်ရုပ်လား''

''မဟုတ်သေးဘူး''

''ကြောင်လားဟင်''

''မဟုတ်ဘူး''

ရုတ်တရက် စိတ်လှုပ်ရှားသွားပြီး ''အိမ်က နယ်လီအရုပ်လေးလားဟင်''လို့ မေးလိုက်တယ်။

ကိုလက်စထရိုက်ကအိမ်မှာ ဆင်ရုပ်အပြာလေးရှိတော့ အဲဒါများဖြစ်နေမလားလို့ မျှော်လင့်မိတယ်။ နယ်လီ့ကို သိပ်ချစ်တာလေ။ အရင်ကဆို သူ့ကို ညတိုင်းဖက်အိပ်နေကျပေါ့။

''ဆောရီး အမန်ဒါရယ်၊ နယ်လီမဟုတ်ပြန်ဘူး''

ဘိုးဘိုးက မျက်လွှာချလိုက်တာမို့ ရုတ်တရက် ဘွားဘွားက စိတ်တိုတိုနဲ့ ပေါက်ကွဲရော။

''တော်ပြီဘိလ်ရယ်၊ သိုးရုပ်လေး ပေးလိုက်တော့''လို့ ရေရွတ်လိုက်တယ်။

''သိုးရုပ်လေးပါ''

ဘိုးဘိုးအသံက တိုးဖျော့ဖျော့လေးနဲ့ ဝမ်းနည်းနေပုံပဲ။ အပြုရောင်အမွေးပွ သိုးရုပ်လေးကို ဆွဲထုတ်လိုက်တယ်။ ခွာသေးသေးလေးတွေက အနက်ရောင်။ နားရွက်ကလည်း အနက်ရောင်ပဲ။

''ချစ်စရာလေး'' လို့ ကျွန်မပြောရင်း စိတ်လှုပ်ရှားဟန်ဆောင်လိုက်တယ်။ ဘိုးဘိုးကိုဝမ်းမနည်းစေချင်တဲ့အတွက် သိုးရုပ်လေးကိုဆွဲယူပြီးဖက်ထားရင် နမ်းလိုက်တယ်။ အမှန်တော့ နယ်လီ့ကိုလိုချင်တာ။ အရင်တုန်းကအရာတွေ ဘယ်အရာဖြစ်ဖြစ် ပြန်လိုချင်နေတာ။

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ထဲကနေ ကျွန်မကလွဲလို့ ဘယ်အရာမှ မထွက်လာတော့ဘူးလေ။ အရင်တုန်းက ပိုင်ဆိုင်ခဲ့သမျှ အားလုံးပျောက်ဆုံးသွားပြီ၊ မေမေရယ်၊ အိမ်ရယ်၊ အဝတ်တွေရယ် အရုပ်တွေရယ်ပေါ့။ ဘာမှကို မကျန်ခဲ့တာ။ သိပ်ကို အထီးကျန်လိုက်တာရှင်။

ဒီအပြုံးလေးကတော့ မျက်နှာမှာရှိသေးတယ်။ ဘိုးဘိုးနဲ့ဘွားဘွားကို ထပ်ပြီး ဝမ်းမနည်းစေချင်တော့ဘူး။ ဘွားဘွားက ခုတင်အစွန်းမှာထိုင်နေတော့ သူ့စကပ်အပြာရင့်ရင့်က ဖြန့်ထားသလိုဖြစ်နေရော။ ဒီမနက်က ခွဲစိတ်မှုအကြောင်းမေးတယ်။ ဘိုးဘိုးက သူ့နောက်မှာ ရပ်နေရင်း လက်တစ်ဖက်က ဘွားဘွားပခုံးပေါ်တင်ထားပြီး လက်နောက်တစ်ဖက်က နောက်ပစ်ထားလေရဲ့။ ဆေးထိုးအပ်ကိုင်ထားတဲ့ ဆရာဝန်က တစ်ဆယ်ထိ ရေတွက်ခိုင်းပေမဲ့ တစ်ဆယ်မရောက်ခင် အိပ်ပျော်သွားတဲ့အကြောင်း၊ နေ့လယ်စာအတွက် ကြက်ကြော်နဲ့ အာလူးချောင်းကြော်စားရတဲ့အကြောင်းတွေ ပြောပြလိုက်တယ်။ ကျွန်မအတွက် သူတို့က ဂုဏ်ယူကြောင်း၊ ကျွန်မက သတ္တိရှိတဲ့ကောင်မလေးဖြစ်လို့ ပိုကျန်းမာလာဖို့ ဆေးရုံမှာနေရမဲ့အကြောင်းတွေ ပြောကြသေးတယ်။ သိပ်မကြာတော့ဘူးမို့ ကျွန်မစိတ်ရှည်ရမယ်။

*''မေမေသေသွားပြီဆိုတာ ကျွန်မသိတာပေါ့။ သေတာကိုမြင်လိုက်ရတာလေ။ ကျွန်မ မေမေသေသွားတာကို ကြည့်လိုက်ရပေမဲ့ ကျွန်မဆီ တစ်နေ့ပြန်လာမယ်လို့ မျှော်လင့်ချက်ရေးရေးလေး ထားမိနေတယ်။ သူ ကျွန်မဆီပြန်လာပြီး မီးလောင်တာတွေ၊ ဒဏ်ရာတွေ၊ ခွဲစိတ်တာတွေက အိပ်မက်ဆိုးလိုပဲ ပျောက်ကွယ်သွားလိမ့်မယ်။ တံခါးနောက်မှာများ မေမေရပ်နေမလားဆိုပြီး တံခါးကိုပဲကြည့်နေမိတယ်။ မေမေ၊ မေမေရေ အပြင်မှာလားဟင်''*

\+ + + + +

ညဉ့်တွေ့ချိန်က ချက်ချင်းလိုပဲ ကုန်သွားတယ်။

''ဘွားဘွားအိမ်တို့ကော မနက်ဖြန်လာကြမှာလားဟင်''လို့ ဘွားဘွားဖလော့စ်မပြန်ခင် မေးလိုက်တယ်။

ဘိုးဘိုးက ဘွားဘွားကုတ်အင်္ကျီဝတ်တာ ကူပေးနေတာမို့ ကျွန်မမေးခွန်းကြောင့် ဘွားဘွားတောင့်ခနဲဖြစ်သွားသလိုပဲ။

''ဘွားဘွားမသိဘူး သမီး''

အသံကခပ်ပြတ်ပြတ်။


mgyoe.com

mgyoe.com SAMPLE BOOK

''လောဆန်မိသားစု ဘာတွေလုပ်နေလဲ ဘွားဘွားမသိဘူး''

ဘွားဘွားစကားက ရယ်စရာကောင်းပေမဲ့လဲ ကျွန်မ အာရုံမထားမိတော့ဘူး။

ဒီရက်ပိုင်း ဖြစ်သွားတာတွေ အများကြီးပဲ။ ဒေါသထွက်တာတွေ၊ တင်းမာတာတွေ။ လူတိုင်းက အချိန်တိုင်းလိုလို ဒေါသထွက်နေကြတယ်။ အဲဒါကြောင့် ကျွန်မ ဘာမှ ထပ်မမေးတော့ဘဲ ဘွားဘွားဖလော့စ်ကို နမ်းလိုက်တော့ ဘွားဘွားက ကျွန်မ မျက်နှာကိုကိုင်ပြီး စိတ်ပြေသွားတယ်။

''အမန်ဒါလေးရယ်၊ သမီးကိုပိုင်ဆိုင်ရတာ ဘွားဘွားတို့သိပ်ကံကောင်းတာပဲ။ ဘွားဘွားဘာလုပ်မိမလဲ မသိတော့ဘူး။ တကယ်လို့သာ . . .''လို့ပြောရင်း ဘွားဘွား မျက်ရည်ဝဲလာတယ်။

''သွားရအောင် ဖလော့စ်ရေ''

ဘိုးဘိုးက ဘွားဘွားပခုံးကိုကိုင်ပြီး ပြန်တော့မလို့တိုက်တွန်းလိုက်တယ်။

''သွားကြရအောင်''

ဘိုးဘိုးအသံက တုန်တုန်ယင်ယင်။ ဘွားဘွားက ခေါင်းခါပြီး ကျွန်မနဖူးကို နမ်းပြီးနောက် လှည့်ပြန်သွားတယ်။

''ပိတ်ရက်ကျလာခဲ့မယ်နော်''လို့ ဘိုးဘိုးက ပြုံးပြုံးလေးပြောတယ်။ ဒါပေမဲ့ အဲဒီအပြုံးမှာ အပျော်တွေ ကျွန်မမတွေ့ဘူး။ ဝမ်းနည်းစရာတွေပဲ တွေ့တာပေါ့ရှင်။

\+ + + + +

အများအားဖြင့် ဆေးရုံကအဆင်ပြေတယ်လို့ ပြောလို့ရတယ်။ မကောင်းလွန်း မဆိုးလွန်းပေါ့နော်။ သိပ်မုန်းတဲ့တစ်ခုတည်းသောအချက်ကတော့ ရေချိုးရတာပဲ။ နှစ်ရက်၊ သုံးရက်တစ်ခါ ဂျမ်မာက ကျွန်မကို ရေချိုးခန်းဆီ ဘီးတပ်ကုလားထိုင်နဲ့ ခေါ်သွားတယ်။ ဂျမ်မာဆိုတာ ဆံထုံးလေးနဲ့ သူနာပြုပေါ့။ ရေချိုးပေးတဲ့အခါ ခွဲစိတ်ခန်းကအနံ့တွေ ရနေသလိုပဲ။ ဂျမ်မာကိုမေးတော့ ပိုးသတ်ဆေးဖြန်းထားလို့တဲ့။ ခွဲစိတ်ခန်းကလို အနံ့ကြီးမို့ ပျို့အန်ချင်စရာကောင်းတယ်။ အဲဒီအနံ့ကို သိပ်မုန်းတာပဲရှင်။

ဂျမ်မာက ကျွန်မရဲ့ညဝတ်အင်္ကျီကို ကူချွတ်ပေးပြီး ရေချိုးကန်ထဲ ညင်ညင်သာသာလေး နေရာချပေးတယ်။ ရေချိုးကန်ထဲမှာ ခဏလှဲနေရတယ်။ ဒါမှသာ ပတ်တီးတွေရေစိုလာရင် ဂျမ်မာ ပတ်တီးဖြည်ပေးလို့ရမှာ။

''အား၊ ဆိုးရွားလိုက်တာနော်''


mgyoe.com

mgyoe.com SAMPLE BOOK

အခေါက်တိုင်းလိုလို ဒီအတိုင်းပါပဲ။ ပတ်တီးအတွင်းထဲမှာ သွေးတွေနဲ့ အမာရွတ်တွေ။ ပတ်တီးက ခြေထောက်အရေပြားတွေကို ဆွဲပိတ်ထားတော့ ဆွဲခွာလိုက်တဲ့အခါ သိပ်နာတာပဲရှင်။ အဲဒီနောက်မှာတော့ သွေးသံရဲရဲ၊ စိတ်ပျက်စရာကောင်းတဲ့အနံ့တွေနဲ့ ကျွန်မခြေထောက်ကို မြင်ရတော့တာပဲ။ မသတီစရာကောင်းလိုက်တာ။ ခြေထောက်နှစ်ဖက်လုံး အမာရွတ်အကြီးကြီးတွေ မညီမညာအရေပြားတွေဖြစ်နေတော့ အကွက်မျိုးစုံနဲ့ အိပ်ရာခင်းကြီးကျနေတာပဲ။ ရွှံ့စောင်းစောင်းချုပ်ထားသလိုမျိုးပေါ့။ သိပ်မုန်းတာပဲ။

ဆေးရုံမှာ အချိန်တွေ တရွေ့ရွေ့ကုန်လွန်လာလေလေ အခြေအနေတစ်ခုလုံးကို စိတ်ပျက်လာလေလေပဲ။ အထဲမှာပဲ အချိန်ပြည့်ပိတ်လှောင်ခံနေရတာ။ အိပ်ရာပေါ်မှာပဲ နေရင်း မထနိုင်၊ လမ်းမလျှောက်နိုင်တာ။ ကိုယ့်ဘာသာကိုယ်တောင် အိမ်သာမသွားနိုင်တာတွေကို တအားမုန်းတာပဲ။ အပြင်သွားခဲ့တာတွေ၊ ပြေးလွှားကစားခဲ့တာတွေကို လွမ်းလိုက်တာနော်။ အဲဒီလူဆိုးကြီးပေါ်မလာခင် အရင်အချိန်တွေကိုပေါ့။ ကျွန်မကို ဆီးအိုးမပေးတော့ဘဲ အိမ်သာကို ဘီးတပ်ကုလားထိုင်နဲ့ ခေါ်သွားတာတော့ စိတ်ပျက်စရာကောင်းလှပါတယ်။ သူတို့တွေက ကျွန်မကို တစ်ယောက်တည်းခေါ်မသွားတာက တကယ့်ပြဿနာ။ အိမ်သာသွားတဲ့အခါတိုင်း အဲဒီမှာ အနည်းဆုံး သူနာပြုနှစ်ယောက်ရယ် ကလေးတွေ လေးငါးယောက်လောက်ရယ် ရှိနေတာကိုး။

ကလေးတွေက သူတို့ကိုစွပ်စွဲရှင်းနေတုန်း သူနာပြုတွေက စကားတွေတွတ်ထိုးနေလိုက်ကြတာ အကြာကြီးပဲ။ တစ်နေ့ခင်း ကျွန်မကိုစွပြီးသွားလို့ တခြားသူတွေကို အကြာကြီးစောင့်နေတုန်း သူနာပြုတွေက ခပ်လှမ်းလှမ်းမှာ စကားပြောနေကြတယ်။ သူတို့ကြည့်ရတာ ကမ္ဘာပေါ်မှာ အချိန်တွေအများကြီးပိုင်တာ ကျနေတာပဲ။ ကျွန်မလဲ ပျင်းပျင်းနဲ့ အိမ်သာနားမှာ ရစ်သီရစ်သီလုပ်နေတာ။ လူနာဆောင်ထဲပြန်သွားချင်လှပြီ။ နောက်ဆုံးတော့ ကျွန်မ ပြောချပစ်လိုက်တယ်။

''သမီးတို့ပြန်လို့ရပြီလား''

သူနာပြုတစ်ယောက်က ကျွန်မကို ငုံ့ကြည့်တယ်။ သူက အသစ်ဆိုတော့ ကျွန်မကောင်းကောင်းမသိသေးဘူး။ နဖူးကနေ ခေါင်းနောက်ဘက်ထိ ကျစ်ဆံမြီးကို ခပ်တင်းတင်းကျစ်ထားတယ်။

''မရသေးဘူး''လို့ သူက အကျယ်ကြီးထအော်တယ်။

''ဒီမှာနေရအုံးမယ်၊ အလေးသွားရအုံးမယ်လေ''


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ ရှက်လွန်းလို့ မျက်နှာနီမြန်းသွားတယ်။

''ဒါပေမဲ့ သမီးက အလေးသွားစရာမလိုပါဘူး''လို့ ခပ်တိုးတိုးပြန်ဖြေလိုက်တယ်။

''သမီး ပြန်ချင်လို့ရမလားဟင်''

''ကြိုးစားပြီးသွားကြည့်ရမယ်''လို့ သူကဆက်ပြောတယ်။

''သွား သွား၊ နည်းနည်းကြိုးစားကြည့်အုံး။ နင် အလေးသွားပြီးမှ ငါတို့တွေ ပြန်ကြမှာ''

အဲဒါကြောင့် ကျွန်မလဲ အေးစက်စက်အိမ်သာပေါ်မှာ အကြာကြီးထိုင်နေရတယ်။ အတင်းအကျပ် အလေးစွန့်ခိုင်းတဲ့ သူနာပြုကြောင့် ကျွန်မရှက်လိုက်တာ။ နောက်ဆုံးတော့ လုံးဝမထိန်းချုပ်နိုင်ဘဲ အော်ပစ်လိုက်တယ်။

''အလေးမသွားချင်ဘူး၊ လူနာဆောင်ကိုပဲ အခုချက်ချင်းပြန်ချင်တယ်''

ကျွန်မ ငိုပစ်လိုက်ချင်ပေမဲ့ လူတွေရှေ့မှာတော့ မငိုချင်ပါဘူး။ အဲဒီသူနာပြုကြီးကို မုန်းလိုက်တာ။ သိပ်မုန်းတာပဲ။ အိမ်ပြန်ချင်လိုက်တာရှင်။ အရင်တုန်းက အခြေအနေတွေဆီ ပြန်သွားချင်လိုက်တာနော်။

+ + + + +

''မွေးနေ့မှာပျော်ရွှင်ပါစေ

မွေးနေ့မှာပျော်ရွှင်ပါစေ

မွေးနေ့မှာပျော်ရွှင်ပါစေ ချစ်ရတဲ့ အမန်ဒါလေးရေ''

အသံတွေက လူနာဆောင်ကနေလာနေတာ။ ဆံထုံးလေးနဲ့ သူနာပြုဂျမ်မာက ကိတ်မုန့်အကြီးကြီးပါတဲ့ တွန်းလှည်းကို တွန်းလာနေတယ်။ ကျွန်မနာမည်ကို ပန်းရောင် သကြားခဲလေးတွေနဲ့ ထင်းထင်းကြီးပုံဖော်ထားပြီး ဖယောင်းတိုင်လေး ငါးတိုင်လဲ ထွန်းထား သေးတယ်။ ကိတ်မုန့်က ကျွန်မမြင်ဖူးသမျှထဲ အကြီးဆုံးပဲ။ ဆရာဝန်တွေရယ်၊ သူနာပြု တွေရယ် သီချင်းအကျယ်ကြီးဆိုနေကြတာ၊ တခြားကလေးတွေကိုလဲ သူတို့နဲ့အတူ လာဆို ကြဖို့ လက်ဟန်ပြလိုက်သေးတယ်။ တချို့တွေကဆိုကြ၊ တချို့တွေက အော်ကြနဲ့ ဆူနေ ရောပဲ။ ၁၉၈၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့ဖြစ်တဲ့ ဒီနေ့ဟာ ကျွန်မရဲ့ ငါးနှစ်မြောက် မွေးနေ့ပေါ့ရှင်။ သိပ်ကြောက်စရာကောင်းတဲ့အဖြစ်အပျက်တွေက မေလ ၄ ရက်နေ့မှာ ဖြစ်ခဲ့တာမို့ ကျွန်မဆေးရုံတက်နေရတာ တော်တော်ကြာနေပြီ၊ ဒါပေမဲ့ ဆေးရုံက ဝန်ထမ်း တွေက ကျွန်မအတွက် အထူးနေ့လေးလုပ်ပေးဖို့ ကြိုးစားကြတယ်၊ မွေးနေ့ကတ်လေးတွေ၊


mgyoe.com

mgyoe.com SAMPLE BOOK

လက်ဆောင်တွေပေးတဲ့အပြင် ဆေးရုံစားဖို့မှုးကလဲ ကျွန်မအတွက် အထူးသီးသန့် မွေးနေ့ကိတ်လုပ်ပေးသေးတယ်။ သူက ဘယ်သူ့ကိုမှမလုပ်ပေးခဲ့ဖူးတာကြောင့် ကျွန်မအတွက် တကယ့်ကိုကြီးကျယ်တဲ့အရာပေါ့ရှင်။

အဲဒါကြောင့် ကျွန်မအတွက် တစ်မူထူးခြားတဲ့နေ့လေးလို့ ခံစားရမှာ သိတာပေါ့ရှင်။

လူတိုင်းက အများကြီးကြိုးစားထားကြတာလေ။

ကျွန်မ ပြန့်ပြူးပြရင်း ဖယောင်းတိုင်မီးမှုတ်လိုက်တယ်။ ခပ်ကြီးကြီးကိတ်တစ်စိတ် စားပစ်လိုက်တယ်။ သစ်ခွအရသာကိုမှ အလယ်မှာ ယိုနဲ့ခရင်မ်ပါသေးတယ်။ တစ်ယောက်ယောက်က ကျွန်မခေါင်းပေါ် ပါတီဦးထုပ်ဆောင်းပေးတယ်။ တချို့ကလေးတွေက လူနာဆောင်ထဲကနေထွက်လာပြီး ကျွန်မကို စကားလာပြောကြတယ်။ ကျွန်မပျော်နေအောင် တစ်နေ့ခင်းလုံး အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ ပြင်းပြင်းထန်ထန်ကို ကြိုးစားခဲ့တာပါ။

ဒါပေမဲ့ စိတ်ထဲမှာတော့ အနှစ်သာရမဲ့နေပြီး ဝမ်းနည်းနေတာပေါ့။ ဒီနေ့ ကျွန်မမွေးနေ့လေ။ အလိုချင်ဆုံးအရာက မေမေ့ကိုပဲ။ မေမေဖက်ထားတာလေး ပြန်လိုချင်လိုက်တာ။

✵


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း - ၅

# အလည်အပတ်

''သမီးတို့ဘယ်သွားကြမှာလဲဟင်''

ဂျမ်မာက ကျွန်မကို ဘီးတပ်ကုလားထိုင်ပေါ် ဖြည်းဖြည်းလေးတင်လိုက်တုန်း သူ့ကိုမေးလိုက်တာ။

''ခဏစောင့်ကြည့်ပါအုံး''

ကျွန်မ သူ့ကိုကျောပေးထားပေမဲ့ သူ စကားပြောရင်း ပြုံးနေလောက်မှာပဲ။

''အပေါ်ရုံအင်္ကျီလေးဝတ်လိုက်တာ ပိုကောင်းမယ်''လို့ ဂျမ်မာကပြောပြီး ခုတင်ဘေးထိုင်ခုံပေါ်က ပန်းရောင်အင်္ကျီရှည်လေး ဆွဲယူလိုက်တယ်။ ခုတစ်လော အရာရာက အသစ်တွေချည်းပဲ။ ခုအင်္ကျီအသစ်က အဟောင်းနဲ့မတူဘူး။ အဟောင်းက ပျော့တိပျော့ဖတ်ဖြစ်နေပြီ၊ ခဏခဏလျှော်ထားတာကိုး။ အသစ်က ခပ်မာမာနဲ့ယားကျိကျိ။ ဂျမ်မာက ကျွန်မကို လက်မောင်းတစ်ဖက်ချင်းဆီ မ,ပေးတော့ အင်္ကျီလက်တစ်ဖက်စီ စွပ်လိုက်တယ်။

''ကိုယ့်ဘာသာချည်လိုက်လို့ရမလား''လို့ သူကမေးတော့ ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။ အင်္ကျီရှည်ကို တင်းတင်းကျပ်ကျပ်လေး ဝတ်ပြီးတာနဲ့ ကျွန်မတို့ ထွက်လာတော့တာပဲ။

အစပိုင်းတော့ အရာရာက ပုံမှန်ပဲ၊ ဂျမ်မာက ကျွန်မကို လူနာဆောင်အပြင်ဘက်ခေါ်ထုတ်လာပြီး အစိမ်းရောင်လျှောက်လမ်းတစ်လျှောက် ဆက်သွားကြတယ်။ ညာဘက်ကွေ့လိုက်ပြီး တံခါးကြီးနှစ်ချပ်ရှိရာဆီကို ဦးတည်သွားတယ်။ ဘီးတပ်ကုလားထိုင်ရဲ့ တကျွီကျွီ မြည်သံတွေကြားနေရတယ်။ ဒါပေမဲ့ ထိပ်နားရောက်တဲ့အခါ ခါတိုင်းလို စားသောက်ဆိုင်ရှိတဲ့ ဘယ်ဘက်ကိုကွေ့ရမဲ့အစား တည့်တည့်ဆက်သွားတယ်။ ဓာတ်လှေကားနားပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

''သမီးတို့ ဘယ်သွားနေတာလဲဟင်''လို့ ကျွန်မ ထပ်မေးလိုက်တယ်။

''အုံ့ဩသွားစေရမယ်သမီး''လို့ ဂျမ်မာက တိုးတိုးလေးကပ်ပြောတယ်။ ဓာတ်လှေကားရောက်လာတော့ အထဲဝင်ပြီးတဲ့အခါ ဂျမ်မာက မြေညီထပ်ခလုတ်ကို နှိပ်လိုက်တယ်။ မြေညီထပ်ဆိုတာ အပြင်မှာပေါ့။ ဆေးရုံစတက်ကတည်းက အပြင်ကို မရောက်ဖူးသေးဘူး။ ရုတ်တရက် ရင်ခုန်လာပြီး လိုက်ခနဲစိတ်လှုပ်ရှားသွားတယ်။

ဓာတ်လှေကားက စထွက်တော့ တဆတ်ဆတ်ခါသွားပြီး အောက်ကို ဖြည်းဖြည်း လေးဆင်းသွားတယ်။ မြေညီထပ်ရောက်တော့ တကျွိကျွိမြည်သံအကျယ်ကြီးကြားရပြီး တံခါးပွင့်သွားတယ်။

ကျွန်မရှေ့တည့်တည့်မှာ မှန်တံခါးကြီးကိုမြင်ရတယ်။ နေရောင်တောက်တောက် ပပ ထိုးဖောက်နေတာမို့ ကြည့်လို့တောင်မရတော့ဘူး။ ဆေးရုံကို ဝင်လိုက် ထွက်လိုက် လုပ်နေကြတဲ့လူတွေကြောင့် တံခါးကြီးက ပိတ်လိုက် ပွင့်လိုက်နဲ့။ ကျွန်မကို လူတွေက အမျိုးမျိုးညို့ယူနေသလိုပဲ။ တချို့တွေက ဧည့်သည်တွေပေါ့။ ပန်းစည်းတွေ၊ အသီး အိတ်တွေ သယ်လာကြတယ်။ မျက်နှာမှာလဲ ပူပင်သောကတွေအထင်းသား။ တချို့ ကတော့ ဆေးရုံဝန်ထမ်းတွေ၊ အလုပ်များနေကြတဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေ။ သူတို့ တွေရဲ့လည်ပင်းမှာ ဝန်ထမ်းကတ်တွေ ဆွဲထားကြလေရဲ့။ ဖိုင်တွေကိုင်ထားသူတွေရော မုန့်နဲ့ကော်ဖီခွက်ကိုင်ထားသူတွေပါ စုံလို့ပါပဲ။ ရှေ့ဝင်ပေါက်နားမှာ သွားလာလှုပ်ရှားနေ ကြတဲ့ လူနာတချို့တလေကိုလဲ တွေ့ရသေးတယ်။

''လာ လာ၊ ဟိုဘက်မှာ''လို့ ဂျမ်မာကပြောရင်း တခြားဘက်ကို လှည့်သွား လိုက်တယ်။

ခဏတာလေးတော့ ကျွန်မ စိတ်ပျက်လက်ပျက်ဖြစ်သွားတယ်။ ကမ္ဘာကြီးရဲ့ အပြင်ဘက်ကို ထွက်ချင်ခဲ့တာလေ။ နေရောင်ကိုခံစားရင်း အလုပ်များနေတဲ့ လူတွေ ကြားထဲ ရှိနေချင်ခဲ့တာပေါ့။ လူနာဆောင်ထဲမှာဆို သိပ်ပျင်းစရာကောင်းတာ။ တိတ်ဆိတ် နေရောပဲ။ အရာအားလုံးနဲ့ အဆက်အသွယ်ပြတ်နေသလိုပဲ။ ဒါတွေ ခုတွေးနေဖို့အချိန် မရှိဘူး။ ဂျမ်မာက ကျွန်မကို တခြားဆန့်ကျင်ရာဘက် လှည့်ခေါ်သွားတယ်။ ဆေးရုံ နောက်ဘက်ဆီသွားတဲ့ လျှောက်လမ်းတစ်လျှောက် လူနာဆောင်မျိုးစုံကို ဖြတ်သွား ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မြေညီထပ်မှာ လူတွေပိုများတာ၊ ကြည့်စရာ စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေ အများကြီးရှိတာ သေချာတာပေါ့ရှင်။ သကြားလုံးတွေ၊ မဂ္ဂဇင်းတွေ၊ ဝက်ဝံရုပ်တွေရောင်းတဲ့ဆိုင်ကိုလဲ ဖြတ်ခဲ့ရတယ်။ ဘိုးဘိုးတို့ရဲ့ အိမ်နီးချင်းတွေပေးတဲ့ အရုပ်တစ်ရုပ်ကိုတောင် သတိထားမိတယ်။ ကော်ဖီဆိုင်ငယ်လေးမှာဆိုရင် အပြာရောင် ပလတ်စတစ်စားပွဲတွေမှာ ပတ်ပတ်လည်ထိုင်နေကြတဲ့လူတွေက လက်ဖက်ရည်သောက်ရင်း တိုးတိုးတိတ်တိတ် စကားပြောနေကြလေရဲ့။ နောက်ထပ်တံခါးနှစ်ခုကို ဖြတ်ပြီးတော့ ဂျမ်မာက ဘယ်ကွေ့လိုက်တဲ့အခါ ကျွန်မတို့ ရုတ်တရက် အပြင်ဘက်ရောက်သွားပါလေရော။ လေအေးအေးလေး ဖြတ်တိုက်လာတာကြောင့် ကျွန်မ ပင့်သက်ရှိုက်လိုက်တယ်။ အချိန်အကြာကြီးနေမှ နေရောင်ခြည်ကို တွေ့ထိခံစားရတာကိုး။

ဒီနေ့က သိပ်လှတဲ့နေ့လေးတစ်နေ့ပေါ့။ ကောင်းကင်ပြာပြာက ကျွန်မ တွေ့ဖူးတာထက်တောင် ပြာလွင်လွင်နဲ့။ လေကလဲ အေးစိမ့်စိမ့်။

''ဒါက ဆေးရုံရဲ့ဥယျာဉ်ပေါ့ သမီး''လို့ ဂျမ်မာက ရှင်းပြရင်း ဆင်ခြေလျှောလေးအတိုင်း ကျွန်မကိုတွန်းသွားပေးပြီး ဥယျာဉ်ငယ်လေးကိုသွားကြတယ်။ သေချာထိန်းသိမ်းထားတဲ့ ပန်းခင်းလေးတွေဝန်းရံထားတဲ့ ကွန်ကရစ်လမ်းတွေမှာ ပန်းမျိုးစုံနဲ့ ချုံလေးတွေ တွေ့ရတယ်။ ခရမ်းရောင်လေးတွေက ကျူးလစ်ပန်း၊ အဝါရောင်ပွင့်ဖတ်သေးသေးလေးတွေနဲ့ အလယ်မှာအနက်ရောင်လေးတွေ ရှိနေတာက ပေါင်ဒါပန်း။ ဒါပေမဲ့ အချို့ပန်းတွေကတော့ ကျွန်မအတွက် ခပ်ဆန်းဆန်းတွေပဲ။ ကျွန်မသိတာတော့ အရောင်မျိုးစုံနဲ့ ပုံစံမျိုးစုံတွေ လှပနေတာကို သဘောကျတယ်ဆိုတာပါပဲ။

ဥယျာဉ်အလယ်မှာ မီးခိုးရောင်ကျောက်ရေပန်းကြီးရှိတယ်။ ထိပ်ချွန်ချွန်ကနေ အောက်ဘက်အဝိုင်းငယ်လေးထဲ ရေတွေပန်းထွက်နေပြီး အဝိုင်းကြီးထဲ လျှံကျနေတာ။ အဝိုင်းကြီးထဲမှာတော့ ဆုတောင်းသူတွေ ပစ်ထားကြတဲ့ ငွေဒင်္ဂါးတွေ၊ ကြေးဒင်္ဂါးတွေနဲ့ တလက်လက်တောက်ပနေရောပဲ။ ဥယျာဉ်ရဲ့ထောင့်ဘက်တိုင်းမှာတော့ ချုံတန်းနိမ့်နိမ့်လေးတွေ ဝန်းရံထားတဲ့ နှင်းဆီပင်တွေ။ အနောက်ဘက်နံရံတစ်လျှောက်မှာ လူတွေထိုင်ဖို့ ခုံတန်းရှည်တွေ။ ဒီမနက်မှာ ကျွန်မတို့ကလွဲလို့ ဘယ်သူမှ မရှိကြဘူး။

ကျွန်မအပြင်ကိုထွက်ဖူးတာ ပထမဆုံးအကြိမ်ကျနေတာပဲ။

အပင်ငယ်လေးတွေဆီက အရွက်စိမ်းစိမ်းလေးတွေက ကျွန်မဘက် မျက်နှာမူနေတာကြောင့် အသေးစိတ်ကို ရှင်းရှင်းလင်းလင်း မြင်နေရတော့တာပဲ။ အရွက်တွေ၊


mgyoe.com

mgyoe.com
SAMPLE BOOK

ပွင့်ချပ်တွေပေါ်က အကြောလေးတွေကိုရောပေါ့။ လေကလဲ သန့်ရှင်းလတ်ဆတ်နေတာကြောင့် ပျော်စရာကောင်းတယ်။ ကျွန်မအတွင်းစိတ်ထဲကနေကို ရင်ဖိုစိတ်လှုပ်ရှား နေတာ။ ရှင်းပြလို့မရတဲ့ တစ်ခုခုတော့ တစ်ခုခုပဲ။ သိပ်နေလို့ကောင်းတဲ့ ခံစားချက်လေး ပါလား။

ဂျမ်မာကတော့ အပင်ငယ်လေးတွေကြား ဟိုဝင်ကြည့် ဒီဝင်ကြည့်လုပ်နေရင်း ရုတ်တရက် စိတ်လှုပ်ရှားပြီး ထအော်ပါလေရော။ ကျွန်မဘက်ကိုပြေးလာပြီး ''ဟိုမှာ ဟိုမှာ''လို့ပြောတယ်။ အဲဒီနောက် ကျွန်မအရပ်လောက်ရှိမဲ့ အပင်တန်းလေးတွေဆီ ဘီးတပ်ကုလားထိုင်တွန်းသွားလေရဲ့။ ဘီးတပ်ကုလားထိုင်ကို ရပ်လိုက်ပြီး ကျွန်မဘေးနား သူ ငုံ့လိုက်တယ်။

''ဒီထဲမှာ''လို့ သူက တိုးတိုးလေးပြောရင်း အပင်တန်းရဲ့အုပ်ဆိုင်းနေတဲ့အပိုင်းကို လက်ညှိုးထိုးပြတယ်။

ကျွန်မလဲ သူလက်ညှိုးညွှန်ရာအတိုင်း အားစိုက်ကြည့်လိုက်တော့ လှုပ်လှုပ် ရှားရှားဖြစ်နေတဲ့ အရာလေးကို မြင်သွားပါလေရော။ တောင်ပံသေးသေးလေး။ ဘာများလဲ။ အတောင်ပံလေးလား။ ငှက်ကလေးလား။

အပင်ချုံတန်းမှောင်မှောင်ကြား မျက်စိကျင့်သားရသွားတော့မှ အသိုက်လေးကို တွေ့တယ်။ အသိုက်လေးက သေးသေးလေးဆိုပေမဲ့ သစ်အယ်သီးပင်ရဲ့အရွက်တွေ၊ သစ်ခက်သေးသေးလေးတွေ၊ ငှက်မွေးလေးတွေနဲ့ သပ်သပ်ရပ်ရပ်ကလေးပါ။

အဲဒီအသိုက်လေးရဲ့အစွန်းနားမှာ ငှက်ညိုလေးတစ်ကောင် နားနေလေရဲ့။

''စာကလေးလေ''လို့ ဂျမ်မာက ကျွန်မကို တိုးတိုးလေးကပ်ပြောတာမို့ မနည်း နားထောင်လိုက်ရတယ်။

စာကလေးက လည်ပြူပြူလေးနဲ့ မျက်နှာမည်းမည်းလေး။ ငှက်မွေးလေးတွေ ကတော့ အညို၊ အမည်း၊ အဖြူရောနေတာပေါ့။ နူးနူးညံ့ညံ့ ငှက်သေးသေးလေးကို မြင်ရတာ ရင်သပ်ရှုမောဖွယ်ပဲ။

ဘာအသံများလဲ၊ တကျွိကျွိမြည်နေတာ။ အသိုက်ထဲက နှုတ်သီးသေးသေး လေးတွေအများကြီး ဝင်လိုက်ထွက်လိုက်လုပ်နေတာကိုး။ ဟိုစာကလေးက ငုံ့လိုက်ပြီး သူ့နှုတ်သီးနဲ့ အစာချပေးလိုက်တော့ မိခင်စာကလေးက သူ့သားသမီးတွေကို အစာကျွေး နေတာပါလားဆိုတာ ကျွန်မသဘောပေါက်သွားတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီလှပတဲ့မြင်ကွင်းလေးကို မြင်လိုက်ရတော့ ကျွန်မရင်ထဲလှိုင်းထသွားတယ်။ မိခင်စာကလေးက သူ့ကလေးတွေကို အလှည့်ကျ အစာကျွေးနေတာလေ။ ဂျမ်မာ့ဘက် လှည့်ပြီး ကျွန်မ ပြုံးပြလိုက်တယ်။ ကျွန်မအပြုံးက စိတ်လိုလက်ရ အနှစ်သာရအပြည့်နဲ့ အပြုံးပါ။

''ကျေးဇူးပါနော်''လို့ ကျွန်မပြောလိုက်တယ်။ အချိန်အကြာကြီးနေမှ ပထမဆုံး အကြိမ်အဖြစ် ကျွန်မပျော်ရတာကိုး။ မိခင်ငှက်မကြီး သူ့ကလေးတွေအတွက် အစာ ထပ်ရှာဖို့ အသိုက်ကနေပျံထွက်သွားတဲ့အချိန်ထိ ငှက်ကလေးတွေကို ကျွန်မတို့ ကြည့်နေကြတာပေါ့။

''လာ ပြန်ရအောင်နော်'' လို့ ဂျမ်မာက တိုက်တွန်းတယ်။ ''မမတို့ ဘယ်သွားလဲဆိုတာ အခြားသူတွေမမေးခင် ပြန်ကြတာကောင်းမယ်နော်''

အထဲကိုပြန်သွားဖို့ စိတ်မရှိပါဘူးလေ။ အဆင်ပြေသွားမှာပါလို့ ကျွန်မဘာသာ ရေရွတ်လိုက်တယ်။ ဒါအမှန်ပဲဆိုတာ ကျွန်မသိပါတယ်။ မီးလောင်ပြီးကတည်းက ဟိုလူကြီး ကျွန်မကိုသတ်ဖို့ကြိုးစားတဲ့အချိန်ကတည်းက မေမေ့ကို ဆုံးရှုံးလိုက်ရ ကတည်းက ပထမဆုံးအကြိမ်အဖြစ် ရှင်သန်ရတာကို ပျော်လာပြီ။ တကယ်ခံစားလို့ ကောင်းတာပေါ့ရှင်။

ကျွန်မ မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာပြီ။

✵


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၅

## ဘွားဘွားအိမ်နှင့် နေဗီယာခရင်မ်

*လက်ညှိုးညွှန်လိုက်၊ ကွေးလိုက်။ လက်ညှိုးညွှန်လိုက်၊ ကွေးလိုက်။*
*လက်ညှိုးညွှန်လိုက်၊ ကွေးလိုက်။ လက်ညှိုးညွှန်လိုက်၊ ကွေးလိုက်။*

ကျွန်မအိပ်ခန်းရဲ့ ကော်ဇောပေါ်မှာထိုင်ရင်း ဒီစကားလုံးတွေကို ထပ်တလဲလဲ ရေရွတ်နေတာပေါ့။ ကျွန်မခြေချောင်းလေးတွေ ကွေးလိုက် ဆန့်လိုက်လုပ်တာကို ကြည့်နေတာ။ ခြေထောက်ကအရေပြားတွေ ကောင်းကောင်းပြန်တက်လာဖို့ ဆရာဝန်မမ ပြောထားတဲ့ လေ့ကျင့်ခန်းပေါ့ရှင်။ သူက ကျွန်မဆေးရုံတက်တုန်းက လူနာဆောင်ကို လာပြီး ဒီလေ့ကျင့်ခန်းလုပ်ပုံလုပ်နည်းပြခဲ့တာပေါ့။ ခုဆိုရင် ကျွန်မက ဘွားဘွားအိမ်၊ ဘိုးဘိုးဖရန့်တို့နဲ့အတူနေနေပြီဆိုတော့ လေ့ကျင့်ခန်းကို တစ်ယောက်တည်း လုပ်ရတော့ တာပေါ့။ အဲဒါကြောင့် ညတိုင်း ရေချိုးပြီးတဲ့အခါ ဘွားဘွားအိမ်က ကျွန်မခြေထောက် တွေကို နေဗီယာခရင်မ် ညင်ညင်သာသာလေး လိမ်းပေးတယ်။ ပြီးရင် ခုလိုပဲ ကြမ်းပြင်ပေါ် ထိုင်ပြီး ကွေးလိုက် ဆန့်ထုတ်လိုက်လုပ်နေတော့တာပဲ။ တစ်ခါတလေ ညနေစောင်းမှာ တီဗီကြည့်ရင်းဖြစ်ဖြစ်၊ ညစာစောင့်နေတုန်း စားပွဲမှာထိုင်ရင်းဖြစ်ဖြစ် လုပ်တာပေါ့ရှင်။ သတိရတိုင်း လုပ်နေတော့တာပဲ။ ဒီလေ့ကျင့်ခန်းက အရေးကြီးတာ ကျွန်မသိတာပေါ့ရှင်။ ဒီလိုလေးလုပ်နေမှ ခြေချောင်းလေးတွေနဲ့ ခြေဖဝါးကအရေပြားတွေ တင်းကျပ်မနေတော့ မှာလေ။

ဆေးရုံဆင်းရပြီး ဘွားဘွားအိမ်တို့အိမ်ကိုပြောင်းရတဲ့နေ့ကဆိုရင် စိတ်သက်သာရာ ရသွားတော့တာပဲ။ ခုဆိုရင် ဘီးတပ်ကုလားထိုင်နဲ့မဟုတ်တော့ဘဲ ကိုယ့်ဘာသာ လမ်းလျှောက်လာနိုင်နေပြီ။ ပတ်တီးတွေလိုမျိုး ခပ်တင်းတင်း ခြေအိတ်ရှည်တွေတော့

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ်ထားရတာပေါ့နော်။ ခြေထောက်တစ်ချောင်းလုံး ပေါင်ရင်းထိပဲ။ ပြေလအကုန် နွေဦးရာသီနေ့လေးမှာ ဖေဖေက ကျွန်မကို အိမ်ရှေ့တံခါးထိရောက်အောင် ကျောက်တုံးလှေကားထစ်လေးတွေတက်ဖို့ ကူညီပေးတာပေါ့ရှင်။ ဖေဖေနဲ့ကျွန်မ သိပ်မရင်းနှီးဘူး။ မေမေရှိစဉ်တုန်းက ဖေဖေက ကျွန်မတို့နဲ့မှ အတူမနေတာ။ ကျွန်မ နှစ်နှစ်အရွယ်ထိပဲ ဖေဖေက ကျွန်မတို့နဲ့ အတူနေတာလို့ ဘွားဘွားအိဗ်ပြောဖူးသေးတယ်။ အဲဒီနောက်ပိုင်းတော့ ဖေဖေက ဘွားဘွားတို့နဲ့ပဲနေတော့တာ။ ဖေဖေနဲ့အတူရှိရတာ ကျွန်မကြိုက်ပေမဲ့လဲ သူနဲ့ ကောင်းကောင်းမရင်းနှီးဘူး။ အတိတ်က ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ နေရာလေးကို ကျွန်မ ပြန်ချင်သေးတယ်။ အိမ်ဟောင်းဆီကိုပေါ့။

''မီးလောင်သွားတော့ အဲဒီမှာနေလို့မရတော့ဘူး သမီးရယ်''လို့ ဘွားဘွားအိဗ်ကို အိမ်အကြောင်းမေးမိလို့ သူက ရှင်းပြရှာပါတယ်။

''အဲဒါကြောင့် သမီးက ဖေဖေရယ်၊ ဘိုးဘိုး၊ ဘွားဘွားတို့ရယ်နဲ့ နေရမယ်နော်၊ အဆင်ပြေရဲ့လားဟင်''

ကျွန်မကို ဖြစ်ကြောင်းကုန်စင်ရှင်းပြတာကို ကျေးဇူးတင်ရင်း ခေါင်းညိတ်ပြလိုက်တယ်။ ကျွန်မ ဘယ်သူနဲ့ ဘယ်မှာနေရမယ်မှန်း သိမှမသိခဲ့တာကိုး။ အရင်တုန်းကဆိုရင် အရာရာက ရိုးရိုးရှင်းရှင်းပဲ။ ကျွန်မ ဘယ်မှာနေနေလဲဆိုတာလဲ မစဉ်းစားမိဘူး။ မေမေရှိနေတာကိုး။ နောက်နေ့တွေ ဘာဖြစ်မလဲဆိုတာလဲ ကျွန်မ မတွေးခဲ့မိဘူး။ ခုတော့ အရာရာပြောင်းလဲသွားပြီလေ။ အနာဂတ်အတွက် စိုးရိမ်မိတယ်။ ကျွန်မ ဘယ်မှာနေရမလဲ၊ ဘယ်သူက ကျွန်မကို စောင့်ရှောက်မလဲဆိုတာတွေပေါ့။ စိုးရိမ်စရာတွေကို ရပ်တန့်လို့မရဘူး။ ဘွားဘွားအိဗ်နဲ့ ဘိုးဘိုးဖရန့်ကို ဟိုလူဆိုးကြီးခေါ်သွားရင် ဘာတွေဖြစ်မလဲဆိုတာကိုရောပဲ။ အဲဒါဆို ကျွန်မကို ဘယ်သူစောင့်ရှောက်တော့မှာလဲဟင်။ ဘွားဘွားဖလော့စ်နဲ့ ဘိုးဘိုးဘိလ်တို့ စောင့်ရှောက်ကြမှာလား။ ဒါမှမဟုတ် ဖေဖေလားဟင်။ ဒီမှာမနေတော့ရင် ဘယ်မှာသွားနေကြမှာလဲ။ အများကြီးမတွေးတော့ဖို့ ကြိုးစားပေမဲ့ ညအိပ်မပျော်တဲ့အခါမျိုးဆိုရင် အတွေးတွေက ခေါင်းထဲ ချာချာလည်နေရောပဲ။

ဘိုးဘိုးနဲ့ဘွားဘွားအိမ်က သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းလေး။ ဧည့်ခန်းကျယ်ကြီးနဲ့ ထမင်းစားခန်းကို ကော်ဇောညိုညိုနဲ့ တွဲခင်းထားတယ်။ သစ်သားစားပွဲကြီးက ထမင်းစားခန်းရဲ့ နေရာတော်တော်များများကို ယူထားပြီး စားပွဲပတ်ပတ်လည်မှာတော့

mgyoe.com

mgyoe.com SAMPLE BOOK

အစပ်အဟပ်မိတဲ့ ထိုင်ခုံကလေးတွေချည်းပေါ့။ အနောက်ဘက်မီးဖိုချောင်ထဲက အရသာရှိတဲ့ ဟင်းနံ့လေးတွေ ပျံ့လွင့်လာရောပဲ။ ဘွားဘွားအိမ်က မီးဖိုချောင်ထဲမှာ အချိန်ကုန်လွန်တာများတယ်။ အပြင်ဘက်မှာတော့ ဥယျာဉ်ကျယ်ကြီးရှိတာကြောင့် ကျွန်မ ကစားရတာသိပ်ပျော်တာပဲ။ အပေါ်ထပ်မှာတော့ ရေချိုးခန်း၊ အိမ်သာ၊ ဘိုးဘိုးနဲ့ဘွားဘွားရဲ့ အိပ်ခန်း၊ ဖေဖေ့အိပ်ခန်းတို့က ရှေ့ဘက်မှာ။ ကျွန်မအိပ်ခန်းငယ်လေးက နောက်ဘက်မှာပေါ့။ ကျွန်မကိုယ်ပိုင်အခန်းလေး ပြန်ပိုင်ဆိုင်ရတာက ပျော်စရာပဲ။ လေးဖက်လေးတန်မှာ နံရံတွေနဲ့ ပိတ်ထားလို့ရတဲ့ တံခါးရယ်နဲ့ပေါ့။ ဆေးရုံမှာတုန်းကဆိုရင် လူတွေရှိနေတော့ ကိုယ်ပိုင်နေရာလေး မရနိုင်ဘူး။ ဒီက ကျွန်မအခန်းလေးကို နံရံကပ်စက္ကူ ပန်းရောင်လေးနဲ့ အနားသတ်အဝါရောင်ပန်းလေးတွေရယ်၊ အဝါရောင်လိုက်ကာနဲ့ အဖြူရောင်ပရိဘောဂတွေရယ်ပါ အလှဆင်ပေးထားတယ်။ ခြွင်းချက်တစ်ခုကတော့ သစ်သားဗီရိုအညိုရောင်ကြီးပဲ။ ဘွားဘွားအိမ် ဆောင်းရာသီကုတ်အင်္ကျီတွေနဲ့ ဂါဝန်ကောင်းကောင်းတွေ သိမ်းထားတဲ့နေရာပေါ့။

ဘွားဘွားတို့အိမ်မှာလဲ ဆေးရုံမှာလိုပဲ ပုံမှန်လည်ပတ်နေတာ။ မနက်တိုင်း ဘွားဘွားအိပ်ရာထ၊ အဝတ်လဲပြီးတာနဲ့ ကျွန်မကိုလာနှိုးတယ်။ အိပ်ချင်မူးတူးနဲ့ပဲ အဝတ်လဲပြီး ဘွားဘွားနဲ့အတူ အောက်ထပ်ဆင်းပြီး မနက်စာစားရတယ်။

မနက်စာက အမြဲလိုလို ပေါင်မုန့်မီးကင်နဲ့ ယိုရယ်၊ ကျွန်မအကြိုက် ကြက်ဥပြုတ်ရယ်ပေါ့။ တစ်ခါတစ်ရံဆို ပင်လယ်ငါးခြောက်ပါသေးတယ်။ ဒါပေမဲ့ ဘွားဘွားက ပင်လယ်ငါးခြောက် ခဏခဏမလုပ်တာက ငါးညှီနံ့က တစ်အိမ်လုံးစွဲတတ်လို့လေ။ ဖေဖေက ကျွန်မတို့ထက် အရင် မနက်စာနည်းနည်းစားပြီး အလုပ်စောစောသွားလေ့ရှိတယ်။ သူ့အလုပ်က အင်ဂျင်နီယာ။ ဖေဖေ အလုပ်မသွားခင် ကျွန်မပါးလေးကို ခပ်ဖွဖွလေး နမ်းပြီး နှုတ်ဆက်တယ်။

နေ့လယ်စာကတော့ ရိုးရှင်းပါတယ်။ အရင်ညကကျန်တဲ့အသားနဲ့လုပ်ထားတဲ့ အသားညှပ်ပေါင်မုန့်လောက်ပဲ။ ဒါပေမဲ့ ညနေစောင်းဆို ဘွားဘွားက သေသေချာချာ ချက်ပြုတ်လေ့ရှိတယ်။ ကြက်ကင်၊ သိုးသားကင်၊ အာလူးပြုတ်နဲ့ လတ်လတ်ဆတ်ဆတ် အသီးအရွက်ပြုတ်တွေရယ်ပေါ့။ ညစာစားပွဲကိုလဲ သေချာခင်းကျင်းပြင်ဆင်ထားတယ်။ ဖေဖေက ညစာစားချိန်အမီ ပြန်လာတတ်တာမို့ ကျွန်မတို့ ထမင်းလက်ဆုံစားကြတာ ပေါ့ရှင်။


mgyoe.com

mgyoe.com SAMPLE BOOK

ပုံမှန်လုပ်ရိုးလုပ်စဉ်လေးဖြစ်နေဖို့လိုတယ်။ မနေ့ကလိုပဲ အရာရာဖြစ်နေဖို့ လိုအပ်တယ်။ ကျွန်မဘဝမှာ ထူးထူးဆန်းဆန်းတွေဖြစ်ပြီးနောက် ဒီလို နေ့စဉ်ပုံမှန်ဘဝ လေးနဲ့ လည်ပတ်နေမှပဲ စိတ်သက်သာရာရတယ်။ ညနေဆိုရင် သားရေဆိုဖာကြီးပေါ်မှာ ဘွားဘွားနဲ့ တိုးဝှေ့ပူးကပ်ထိုင်ရင်း တီဗီအတူတူကြည့်ကြတယ်။ တစ်ခါတလေဆို ဘွားဘွားရဲ့ကြောင် တမ်မီက ကျွန်မပေါင်ပေါ်လာထိုင်တော့ သူ့ကို ပွတ်သပ်ပေးနေ လိုက်တယ်။ ဘွားဘွားရဲ့ကိုယ်ငွေ့နွေးနွေးလေးနဲ့ ထိကပ်နေမှ ပုံမှန်ပြန်ဖြစ်လာသလို ခံစားရတယ်။ ညတိုင်းလိုလို ခဏလောက်တော့ ကျွန်မခြေထောက်က ပတ်တီးတွေ၊ အိမ်ဖျက်ဆီးခံလိုက်ရတာတွေ၊ မေမေမရှိတော့တာတွေကို မေ့ပစ်ထားလိုက်တယ်။ ကျွန်မက ဘွားဘွားရင်ခွင်ထဲက ငါးနှစ်အရွယ် ပုံမှန်ကလေးလေးတစ်ယောက် အမန်ဒါ ပေါ့ရှင်။

သွားတိုက်၊ မျက်နှာသစ်ပြီးလို့ အိပ်ရာဝင်တဲ့အခါကျရင်တော့ အကြောက် တရားက ကျွန်မကိုယ်ထဲ စိမ့်ဝင်လာပါလေရော။

''မီးမပိတ်ပါနဲ့နော်'' လို့ ဘွားဘွားအိပ်ရာဘေးက မီးကို ပိတ်ခါနီးတိုင်း ကျွန်မ တောင်းဆိုတတ်တယ်။ ဘွားဘွားက နူးနူးညံ့ညံ့နဲ့ နားလည်ပေးတတ်သူမို့ ကျွန်မ မပျော် တာတို့၊ ကြောက်တာတို့ မဖြစ်စေချင်ဘူး။

''ကောင်းပြီ သမီး၊ ဒါလေးတော့ ဖွင့်ထားမယ်နော်''လို့ ဘွားဘွား စိုးရိမ်စိတ်နဲ့ ခပ်ယဲ့ယဲ့လေးပြုံးပြီး ပြောတယ်။

''မီးဖွင့်ပြီး အိပ်လို့အဆင်ပြေတာ သေချာလား သမီး''

ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။

''သမီးမှောင်တာမကြိုက်ဘူး''

''အင်းပါ'' လို့ ဘွားဘွားက မျက်မှောင်ကြုတ်ပြောပြီး ကျွန်မနဖူးကို နမ်းလိုက်တယ်။

''ကောင်းသောညပါ အချစ်ကလေးရေ၊ ကောင်းကောင်းအိပ်နော်''

အဲဒီနောက် ဘွားဘွားက အခန်းထဲကနေ ခြေဖျားထောက်ထွက်သွားပြီး တံခါးကို အသာလေးပိတ်လိုက်တယ်။ ကျွန်မ အိပ်ပျော်တော့မှာကို မနှောင့်ယှက်ချင်တာဆိုပေမဲ့ အိပ်ပျော်ဖို့ကြာမယ်ဆိုတာ ကျွန်မသိတယ်။ ညညဆို အိပ်ခန်းထဲမှာ တစ်ယောက်တည်း ရှန်းထွက်မရဖြစ်ရင်း အသက်ရှူလို့လဲမရ၊ တကယ်ကြောက်စရာကောင်းတယ်။ အစ


mgyoe.com

mgyoe.com SAMPLE BOOK

ကတော့ ကျွန်မဘာကို ကြောက်လဲတောင်မသိခဲ့ဘူး။ ကြာလာတော့ အသံတွေကြားစပြု လာတယ်။

မေမေ့အကြောင်း ကျွန်မတို့တွေ သိပ်မပြောကြဘူး။ တကယ်တော့ ကျွန်မက မေမေ့အကြောင်း အရှုးအမူးပြောချင်ပေမဲ့ ကျွန်မရှေ့မှာ မေမေ့အကြောင်းဖွင့်ဟဖို့ မိသားစု ဝင်တွေက ကြောက်နေကြသလိုပဲ။ ကျွန်မခေါင်းထဲမှာ၊ ခန္ဓာကိုယ်ထဲမှာ မေမေရှိနေတုန်း ပါပဲ။ မေမေ့ကိုယ်ငွေ့လေးကို ခံစားမိတယ်။ ဆံပင်ပျော့အိအိလေးတွေရဲ့ အထိအတွေ့နဲ့ နူးညံ့တဲ့ မေမေ့အသံလေးတွေကို ကြားနေမိတုန်းပါပဲ။ သူက ကျွန်မ အတွင်းစိတ်ထဲမှာ ရှိနေတုန်းပေါ့ရှင်။ ဒီအမှတ်တရလေးတွေကို ဖက်တွယ်ထားပြီး မမေ့ပျောက်ချင်ဘူး။ တစ်ခါတလေ ကျွန်မနားမှာ မေမေရှိနေသလို ခံစားမိတယ်။

ဒါပေမဲ့ မေမေ့အကြောင်း ဘွားဘွားအိမ်ကို ပြောမိတာနဲ့ သူ သက်ပြင်းချလိုက်ပြီး ခပ်ယဲ့ယဲ့ပြုံးပြတယ်။

''သမီးမေမေက ကောင်းတဲ့နေရာကိုရောက်သွားပြီလေနော်။ သူ ငြိမ်းချမ်း သွားပြီ၊ ပျော်နေရပြီ သမီးရယ်'' လို့ ဘွားဘွားက ခေါင်းတရမ်းရမ်းနဲ့ ပြောလေ့ရှိတယ်။

ကျွန်မက စိတ်ရှုပ်ရှုပ်နဲ့ မျက်မှောင်ကြုတ်မိပါလေရော။

အမှန်တရားပါလားလို့ မျှော်လင့်မိပါတယ်။ မေမေ ပျော်ရမယ်လို့ တကယ် မျှော်လင့်မိပေမဲ့ ဖြစ်နိုင်ပါ့မလားရှင်။ ကျွန်မနဲ့အတူတူမရှိဘဲနဲ့ မေမေပျော်ပါ့မလား။ ကျွန်မ အတွက် ဒါမှမဟုတ် သူ့အတွက် လိုချင်တာမျိုးက ဒါလား။ ကောင်းကင်ဘုံမှာ မေမေ ပိုပျော်နေပြီဆိုတာ သိပ်တော့မယုံနိုင်ဘူး။ ဘွားဘွား ဘာကြောင့် ဒီလိုပြောလဲ နားမလည် နိုင်တော့ဘူး။ သူ ဘာကိုဆိုလိုတာလဲ။ ရှင်းပြဖို့တောင်းဆိုချင်ပေမဲ့ တစ်ချိန်တည်းမှာပဲ သူတို့မရှင်းပြချင်ဘူးလို့ သဘောပေါက်မိတယ်။ ဒီလိုတွေပြောနေတာကိုက စကားကို အဆုံးသတ်ပစ်ချင်လို့ပဲလေ။ အဲဒါကြောင့် ကျွန်မ ရေငုံနှုတ်ပိတ်နေလိုက်တော့တယ်။

\+ + + + +

အရာရာထက် အလိုချင်ဆုံးကတော့ မေမေ့အကြောင်း ဘွားဘွားဖလော့စ်ကို မေးချင်တာပဲ။ ဒါပေမဲ့ ဘွားဘွားဖလော့စ်နဲ့ ဘိုးဘိုးဘိလ်တို့က ကျွန်မတို့ဆီ လာမလည် ကြဘူး။ ပျောက်သွားတဲ့အတိုင်းပဲ။ တစ်ညတော့ ညစာစားနေတုန်း ဘွားဘွားအိဗ်တို့က အဲဒီအကြောင်းမေးလိုက်တဲ့အခါ ဘယ်သူကမှ ဘာမှမပြောကြဘူး။ ဘိုးဘိုးက သူ့ပန်းကန်ကိုငုံ့ကြည့်ပြီး ချောင်းဟန့်လိုက်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

''အသားတွေက ကောင်းလိုက်တာ''လို့ပြောရင်း သူ့စားလက်စ သိုးသားတုံးလေးတွေကို ခက်ရင်းနဲ့ ထိုးပြလေရဲ့။

''ဟုတ်တယ် သိပ်ကောင်းတာပဲ အမေ''လို့ ဖေဖေကလဲ သံယောင်လိုက်တယ်။

တိတ်သွားပြန်ပြီ။ ဘာကိုဆိုလိုတာလဲ။

ကျွန်မပြောတာကို မကြားကြသလိုပဲ၊ နားမထောင်ချင်ကြသလိုပဲ။ ဘွားဘွားဖလော့စ်နဲ့ ဘိုးဘိုးဘိလ်သာက မေမေ့ဘက်က မိသားစုဝင်တွေကို ခုနောက်ပိုင်း မတွေ့ရဘူး။ မေမေ့အစ်မဖြစ်တဲ့ အန်တီကာရိုးလ်နဲ့ သူ့ယောကျ်ား ဦးဦးမစ်ရယ်၊ သူတို့ကလေးနှစ်ယောက်ရယ် ကျွန်မကို ဆေးရုံမှာ လာကြည့်နေကျပါပဲ။ လေးလေးကယ်ဗင်နဲ့ လေးလေးကိတ်တို့ ရောပဲ။ ဆေးရုံတက်တုန်းက သူတို့တွေအားလုံး လာကြည့်ကြပေမဲ့ ခု ဒီမှာနေတဲ့အခါကျတော့ လာမလည်ကြတော့ပါလား။ စားပွဲပတ်ပတ်လည်ကိုကြည့်ရင်း ဘယ်သူကများ ကျွန်မကို ရှင်းပြမလဲလို့ မျှော်လင့်နေမိတယ်။ ဒါပေမဲ့ ဘယ်သူကမှ ကျွန်မနဲ့ အကြည့်မဆုံကြဘူး။

တစ်မိနစ်လောက်အကြာ ဘွားဘွားအိဗ်က လက်ခုပ်တီးလိုက်ပြီး ရွှင်ရွှင်ပျပျ မေးလိုက်တယ်။

''ဘယ်သူပူတင်းစားမှာလဲ''

+ + + + +

နားလည်ရခက်လိုက်တာ။ ဒီဘဝအသစ်မှာ ကျွန်မအတွက် ယုတ္တိမရှိတာတွေ သိပ်များတယ်။ မိသားစုဝင်တွေကို နှုတ်ဆိတ်သွားစေမဲ့၊ ဂနာမငြိမ်ဖြစ်ပြီး စိတ်ရှုပ်သွားစေမဲ့ အကြောင်းအရာခက်ခက်တွေကို မပြောမိအောင် ရှောင်ရတယ်။ မေမေ့အကြောင်း၊ မေမေ့မိသားစုဝင်တွေအကြောင်း၊ မီးလောင်တဲ့အကြောင်းတွေပေါ့ရှင်။ သူတို့ပြောပြတော့လဲ အမှားတွေချည်းပါပဲ။

တစ်ည ဘွားဘွားအိဗ်က ကျွန်မခြေထောက်ကိုခရင်မ်လိမ်းပေးနေရင်းပြောတယ်။

''မီးစလောင်တဲ့အချိန် သမီးက သမီးအခန်းထဲမှာရှိနေတာ''

ကျွန်မ သူ့ကိုငေးကြောင်ကြောင်ကြည့်ရင်း ဘာမှတော့မပြောလိုက်ဘူး။

''သမီးရဲ့အခန်းထဲမှာလေ''လို့ ဘွားဘွားက ထပ်ပြောပြန်တယ်။ ''ပြီးတော့ အဲဒီအချိန်မှာပဲ သမီးမေမေရဲ့အခန်းထဲမှာ ကြောက်စရာကောင်းတဲ့အဖြစ်တွေ ဖြစ်ပျက်သွားတော့တာပဲ''


mgyoe.com

mgyoe.com SAMPLE BOOK

ဘွားဘွားပြောပြတာတွေ လုံးဝမှားနေတယ်။ မီးစလောင်တဲ့အချိန်က ကျွန်မ မေမေ့အခန်းထဲမှာ။ ကျွန်မမျက်စိရှေ့မှာ မေမေသေသွားတာကို မြင်ခဲ့ရတာပါ။ ဒါပေမဲ့ ဘာမှမပြောချင်တော့ပါဘူးလေ။ ဘိုးဘိုးနဲ့ဘွားဘွားမှာ သူတို့ကိုယ်ပိုင်စိတ်ကူးတွေ မြင်ခဲ့ရတာပါ။ ဒါပေမဲ့ ဘာမှမပြောချင်တော့ပါဘူးလေ။ ဘိုးဘိုးနဲ့ဘွားဘွားမှာ သူတို့ကိုယ်ပိုင်စိတ်ကူးတွေ ရှိရင်ရှိမှာပေါ့။ သူတို့မှားနေတယ်လို့ မပြောချင်တော့ပါဘူး။ ပင်ပန်းလိုက်တာ။ ဘွားဘွားစိတ်မကောင်းဖြစ်အောင်လဲ ကျွန်မ မလုပ်ချင်ဘူး။ ဒါတွေကို ပြန်မှတ်မိရင်း ကိုယ့်ကိုယ်ကိုယ်လဲ စိတ်မကောင်းဝမ်းနည်းအောင် မလုပ်ချင်တော့ပါဘူး။ ဖြစ်ခဲ့တာတွေက သိပ်များတော့ ခုလိုမျိုးပဲ သက်သောင့်သက်သာလေးနေရင်း အဘိုးအဘွားဆီက ချစ်ခြင်းမေတ္တာတွေပဲ လိုချင်တော့တယ်။ အခု ဘာကအရေးကြီးတော့မှာလဲ။ အကုန်ပြီးနေပြီပဲ။ ဘယ်သူက ဘယ်လိုတွေးတွေး အရေးမပါတော့ပါဘူးလေ။

ရက်သတ္တပတ်အနည်းငယ်လောက်တော့ ဒီဘဝအသစ်က အေးအေးဆေးဆေးပါပဲ။ ဘွားဘွားက တစ်ခါတလေ ကျွန်မကို ပန်းခြံခေါ်သွားတတ်တယ်။ ဒါမှမဟုတ် အစောဆုံးဘတ်စကားစီးပြီး လစ်တယ်ဝုဒ်မှာ မနက်စာသွားစားကြတယ်။ ဆေးရုံသွားပြီး စစ်ဆေးရတာတွေလဲ များတာပေါ့။ သွားစရာတွေပြီးလို့ နေ့လယ်ဘက် အိမ်ပြန်ရောက်ပြီဆိုရင် ဘွားဘွားက ကျွန်မအတွက် အသီးလှီးပေးတယ်။ ညှော်ခန်းထဲမှာထိုင်ပြီး အရောင်ခြယ်ပြီဆိုရင်လည်း သီချင်းဖွင့်ပေးတတ်တယ်။ ဒါမှမဟုတ်ရင် ကျွန်မ ဥယျာဉ်ထဲမှာ ကစားလေ့ရှိတယ်။ အရာအားလုံးထက် အပြင်မှာနေရတာ အကြိုက်ဆုံးပဲ။ အပြင်မှာပဲ ဒန်းစီးလိုက်၊ ကြိုးခုန်လိုက်နဲ့ အချိန်ကုန်ဆုံးလိုက်ချင်တယ်။ လတ်ဆတ်အေးမြတဲ့လေကို ရှူရှိုက်ရတာ လွတ်လပ်ပျော်ရွှင်နေရောပဲ။ ပိတ်ရက်တွေဆိုရင်တော့ ဖေဖေက ကျွန်မကို အပြင်ခေါ်သွားတတ်တယ်။ များသောအားဖြင့်တော့ ပန်းခြံပေါ့။ သိပ်ပျော်ဖို့ကောင်းတာပဲ။ ဘာလို့လဲဆိုတော့ မီးလောင်တဲ့အဖြစ်အပျက်မတိုင်ခင်က ကျွန်မတို့နှစ်ယောက်တည်း အချိန်ကုန်ဆုံးခဲ့ရဲ့လားတောင် မမှတ်မိတော့လို့ပါ။ ဖေဖေ ကျွန်မအနားမှာရှိတာ သိပ်ကောင်းတာပဲ။ သူက လူငယ်ဆိုတော့ ရယ်မောရတာ ဟာသပြောရတာကြိုက်တယ်။ တစ်ခါတစ်ရံ တနင်္ဂနွေမှာ ဖေဖေ့အစ်ကိုနော်မန်နဲ့ သူ့ဇနီးလောရိန်းရယ် ကလေးနှစ်ယောက် ဒါရယ်နဲ့ ခရစ်စတီးနားတို့ နေ့လယ်စာလာစားကြတယ်။ လေးနှစ်အရွယ် ဒါရယ်နဲ့ သုံးနှစ်အရွယ် ခရစ်စတီးနားတို့ကို ကျွန်မ သဘောကျတယ်။ သူတို့တွေက ကြင်ကြင်နာနာနဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ဖော်ရွှေကြတာကိုး။ ဖေဖေ့အစ်မကာရိုးလင်းကတော့ စလော့မှာနေတော့ မကြာခဏ လာလည်လေ့မရှိဘူး။

တနင်္ဂနွေတစ်ရက်မှာ ဖေဖေက ကျွန်မကို သူဟာ မွေးချင်းမောင်နှမတွေထဲ အငယ်ဆုံးဖြစ်ကြောင်း ရှင်းပြတယ်။ ''မတော်တဆလေ''လို့ ဘိုးဘိုးက ကြားဝင်ပြော လိုက်တော့ အားလုံး ရယ်လိုက်ကြပေမဲ့ ကျွန်မက သူ့ဟာသကိုနားမလည်ဘူး။ ဖေဖေတို့ မောင်နှမတွေက သုံးနှစ်ကြီး သုံးနှစ်ငယ်တွေဖြစ်ကြောင်း၊ အန်တီကာရိုလင်းက အကြီးဆုံး ဖြစ်ကြောင်း ဖေဖေက ဆက်ရှင်းပြတယ်။ အဲဒီအချိန်မှာ ကျွန်မလဲ အတူတူကစားလို့ ရမဲ့ ညီမလေး၊ မောင်လေးတွေ လိုချင်သွားတယ်။ အဘိုးအဘွားတွေနဲ့နေရတဲ့ ဘဝက သိပ်ကောင်းပေမဲ့လဲ တိတ်ဆိတ်နေတာပေါ့လေ။ ရုတ်တရက်အကြံတစ်ခုရသွားတယ်။

''မေမေနဲ့နေရတာ မကြိုက်ဘူးလား ဖေဖေ''လို့ ကျွန်မမေးလိုက်တယ်။ ဖေဖေ မရှိလို့ မေမေ ဝမ်းနည်းပြီး အထီးကျန်ခဲ့ပုံပဲ။

တင်းမာတဲ့အခြေအနေကြီးဖြစ်သွားတော့ အခန်းထဲမှာ အသက်ရှူမဝတော့ သလိုပဲ။

''သမီးမေမေနဲ့ ဖေဖေ့ကြားမှာ အဆင်မပြေတာလေးတွေရှိလို့ သမီးရယ်''လို့ ခဏအကြာ ဖေဖေကပြောတယ်။ သူ ဒီလိုပြောရတာ နာကျင်ပုံရပေမဲ့လဲ ဆက်ပြောရှာ ပါတယ်။ ''ဖေဖေ တကယ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သိပ်ခက်ခဲလွန်းတယ် သမီး''။ ဖေဖေ့စကားက အဲဒီမှာပဲရပ်သွားတယ်။

အချိန်တွေ တရွေ့ရွေ့ကုန်လာလေလေ ကျွန်မခြေထောက်တွေလဲ တဖြည်းဖြည်း ပိုကောင်းလာတယ်။ စက်တင်ဘာလမှာ ဘွားဘွားနဲ့ ဘိုးဘိုးက ကျွန်မအတွက် ကျောင်းဝတ်စုံအသစ်ဝယ်ပေးတယ်။ ရှက်ပဟောမှာရှိတဲ့ အနီးအနားက မူလတန်းကျောင်း တက်ရတော့မှာလေ။ သိပ်ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ကြီးမတိုင်ခင်ကတော့ အရင်အိမ်နားက တခြားကျောင်းမှာ တက်ခဲ့တာပေါ့။ ခုတော့ အဲဒီမှာ မနေတော့ဘူးလေ။

''စိုးရိမ်စရာ၊ ကြောက်စရာမလိုဘူးနော် သမီး''လို့ ဘွားဘွားက ကျောင်းတက် ရမဲ့ ပထမဆုံးနေ့မှာ အားပေးတယ်။ သူက ကျွန်မရဲ့ပျားရည်ရောင်ဆံပင်ရှည်ရှည်ကို ကျစ်ဆံမြီးနှစ်ဖက် ကျစ်ပေးတယ်။

''အတန်းဖော်တွေက ကြင်နာတတ်တဲ့သူတွေမို့ သမီး သူငယ်ချင်းကောင်းတွေ ရသွားမှာပါ''


mgyoe.com

mgyoe.com SAMPLE BOOK

အမှန်တကယ်ပဲ ကျွန်မ မစိုးရိမ်ပါဘူး။ ကျောင်းတက်ရဖို့ မအောင့်နိုင်ဖြစ်နေပြီ။

ကျွန်မအရွယ် ကလေးတွေနဲ့ မကစားရတာ တော်တော်ကြာနေပြီ။ ဆေးရောင်ခြယ်တာတို့၊ စာသင်တာတို့၊ အပြင်မှာကစားတာတို့ စတဲ့ ပုံမှန်ကလေးတွေလုပ်နေကျအရာတွေကို လုပ်ချင်လှပြီ။ အရင်ကျောင်းမှာတုန်းက သူငယ်ချင်းနည်းနည်းရှိခဲ့ပေမဲ့ကြာခဲ့ပြီဆိုတော့ သူတို့နာမည်တွေ၊ သူတို့ပုံစံတွေတောင် မေ့နေပြီ။ သူငယ်ချင်းအသစ်တွေနဲ့တွေ့ဖို့ အဆင်သင့်ဖြစ်နေပြီ။ ကျွန်မစိုးရိမ်တဲ့ တစ်ခုတည်းသောအရာကတော့ ခြေထောက်တွေအကြောင်း ဘယ်လိုပြောရမလဲဆိုတာပါပဲ။

''တခြားကလေးတွေက မီးလောင်ဒဏ်ရာတွေအကြောင်းမေးရင် ဘယ်လိုလုပ်ရမလဲဟင်'' လို့ ဘွားဘွားကိုမေးမိတယ်။ ဖြစ်ပျက်ခဲ့သမျှ လူတိုင်းကိုမရှင်းပြချင်ဘူး။ သိပ်နာကျင်ရတယ်လေ။

''တစ်ယောက်ယောက်မေးလာရင် မတော်တဆဖြစ်တာလို့ပြောလိုက် သမီး။ ခြေထောက်ကို ရေနွေးပူလောင်တာလို့ ပြောလိုက်နော်''

''ပြီးတော့ မီးလောင်တဲ့အကြောင်းကိုလဲ အသေးစိတ်ပြောပြစရာမလိုဘူးနော်''

အကြံကောင်းပါပဲလေ။

အဲဒီမနက်မှာ ကျွန်မအညိုရောင်ဘေးလွယ်အိတ်လေးကိုလွယ်ပြီး ဘွားဘွားဘေးကနေ ခုန်ဆွခုန်ဆွလုပ်ရင်း သွားတာပေါ့။ အဝတ်အသစ်ကြောင့် အရေပြားနည်းနည်းယားနေသလိုလိုပဲ။ ကျောင်းဝတ်စုံအသစ်က သိပ်မိုက်တာ။ အပြာရင့်ရောင် စကတ်၊ အပြာနုရောင်ရှပ်အင်္ကျီ၊ တောက်တောက်ပြောင်ပြောင် အနက်ရောင်ရှူးဖိနပ်နဲ့ပေါ့။ ကျောင်းဂိတ်ပေါက်ဝနီးလာတော့ ကျွန်မ စိတ်လှုပ်ရှားလွန်းလို့ ရင်ခုန်နေတာပေါ့ရှင်။ ဒါက ကျွန်မရဲ့ကျောင်းအသစ်ပါလား။ သံပန်းတံခါးနဲ့ ဂိတ်ပေါက်ဝကို ဖြတ်လျှောက်လာပြီး ကစားကွင်းကိုဖြတ်လာတော့ ကလေးတွေ ပြုံခဲနေတာတွေ့ရတယ်။ တစ်ခုခု ဖြစ်တော့မှာကို စောင့်နေကြသလိုလို။ ကျွန်မ ဘေးပတ်ပတ်လည်ကိုကြည့်လိုက်တော့ ကလေးကြီးတွေက ပြေးလွှားကစားနေကြရင်း စကားပြောနေကြတာပဲ။ ဆူညံပွက်လောရိုက်ပြီး ဖရိုဖရဲဖြစ်နေကြတဲ့ ကစားကွင်းကို ကျွန်မကြိုက်လိုက်တာရှင်။

ရုတ်တရက် လက်ထိုးခေါင်းလောင်းသံ အကျယ်ကြီးကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားမိတယ်။ ဝတ်စုံပြည့်နဲ့လူတစ်ယောက်က ရှေ့တိုးလာပြီး ''ကဲ အားလုံးတန်းစီကြတော့။ ကျောင်းသားအသစ်တွေကတော့ မစ္စက်ကလိစ်ဝ်နဲ့လိုက်သွားကြ''


mgyoe.com

mgyoe.com
SAMPLE BOOK

ကျန်သူတွေအားလုံး ကစားကွင်းအနှံ့ အစီအစဉ်တကျ တန်းစီနေကြတုန်း အဲဒီလူက သူ့ဘေးမှာ မတ်တပ်ရပ်နေတဲ့ အမျိုးသမီးကို ညွှန်ပြတယ်။ မစ္စက်ကလိစ်ဗ်ဆိုတာ သေချာပါတယ်။ သူက ပြုံးပြုံးလေး မျက်နှာကတော့ ဖောင်းမို့နေပြီး ကြင်နာတတ်တဲ့ပုံလေး။ သူက သိုးမွေးဝတ်စုံအစိမ်းရောင်ပေါ်ကနေ အနက်ရောင်အင်္ကျီ ထပ်ဝတ်ထားတာမို့ ကြော့မော့နေရောပဲ။ ငွေမင်ရောင်နဲ့ ရွှေအိုရောင်ရောနေတဲ့ဆံပင်ကို ဘေးတွဲလေးထုံးထားပြီး မျက်မှန်ကို ရွှေရောင်ကြိုးလေးနဲ့ လည်ပင်းမှာဆွဲထားလေရဲ့။

''ကောင်းပြီ၊ အခန်း ၇ က ကလေးတို့ရေ'' လို့ သူက လက်ခုပ်တီးပြီး ပြောလိုက်တယ်။ ''ဆရာမနောက်လိုက်ခဲ့ကြပါ''။ အဲဒီနောက် ဒေါက်ဖိနပ်စီးထားတဲ့ သူ့ခြေထောက်တွေနဲ့ အထဲကို ဒေါင်းတည်မောင်းတည် လှမ်းသွားပါတော့တယ်။

ဘွားဘွားအိဗ်က ကိုယ်ကိုကိုင်းပြီး ''အဲဒါ သမီးတို့ဆရာမလေ၊ အဆင်ပြေလား သမီး''

ကျွန်မက သွားပေါ်အောင်ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။

''လိမ္မာတဲ့ ကလေးလေး''

ဘွားဘွားစိတ်သက်သာရာရသွားပုံပဲ။ ကျွန်မပါးနှစ်ဖက်ကို နမ်းလိုက်ပြီး ''ကောင်းသောနေ့လေးဖြစ်ပါစေ၊ နေ့ခင်းကျရင် လာကြိုမယ်နော်၊ သွားတော့နော်''

ကျွန်မလည်း မစ္စက်အိဗ်နောက်ကနေ လိုက်သွားတော့ အစိမ်းရောင်တံခါးကြီးတွေကိုဖြတ်ပြီး ကျောင်းဝင်ပေါက်ရောက်လာတဲ့အခါ ငိုသံတွေကို သတိထားမိတယ်။ အဲဒါကြောင့် ရပ်လိုက်မိတယ်။

ကျွန်မရဲ့ဘေးပတ်ပတ်လည်မှာ ကလေးလေးတွေငိုနေကြတယ်။ တချို့တွေက သူတို့အမေတွေကို အသည်းအသန်တွယ်ဖက်ထားကြတာ။ တချို့တွေကတော့ တရှုပ်ရှုပ် ငိုနေကြလေရဲ့။ နှစ်ယောက်လောက်ကတော့ ကုန်းအော်ကြတယ်။

''မေမေ . . . မသွားချင်ဘူး၊ မေမေရေ''

မျက်နှာနီရဲရဲနဲ့ ကောင်လေးက ဝုန်းဒိုင်းကြဲနေတယ်။

''မသွားဘူး''လို့ သူကအော်ပြီး လက်တွေကိုခါရမ်းနေတယ်။ သူ့အမေကတော့ အတင်းဆွဲခေါ်ဖို့ ကြိုးစားတယ်။ ''မသွားဘူး . . . မသွားဘူး . . . မသွားဘူး''

mgyoe.com

mgyoe.com SAMPLE BOOK

အခက်တွေ့နေကြတဲ့အမေတွေက မျက်ရည်လည်ရွဲတွေနဲ့ ကလေးတွေကို တံခါးနားဆီခေါ်လာပြီး စိတ်သက်သာရာရအောင် ခပ်တိုးတိုးပြောပေးနေကြတယ်။ တချို့အမေတွေကတော့ အသနားခံနေကြပြီး တချို့တွေကတော့ ကလေးတွေကို အေးတိအေးစက်မျက်နှာနဲ့ အထဲကိုခေါ်လာကြတယ်။ ကျွန်မကတော့ ခပ်ဖြည်းဖြည်းလမ်းလျှောက်လာရင်း အမေတွေနဲ့ ကလေးတွေရဲ့ဂယက်ရိုက်နေကြပုံကို ကြည့်နေမိတယ်။ ဘာလို့လဲတော့ မသိပေမဲ့ သူတို့တွေကြောင့် ကျွန်မ ထူးဆန်းပြီး နေမထိထိုင်မသာဖြစ်လာတယ်။ ကြာလာတော့ သဘောပေါက်သွားပါတယ်။ *''ဒီကလေးတွေက သူတို့အမေတွေအတွက် ငိုကြတာလေ။ ကျွန်မအတွက်တော့ ဒီအရာက ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူး။ မေမေ့အတွက် ကျွန်မငိုရမှာမှ မဟုတ်တာ။ မေမေမရှိတော့ဘူးလေ''*။

ကျွန်မကတော့ ကျောင်းမှာ လွယ်လင့်တကူ နေသားကျသွားပြီး အစကတည်းကကို ပျော်နေတာပေါ့။ သူငယ်ချင်းကောင်းတွေရတယ်။ သူတို့နဲ့ အပြင်မှာ ကစားရတာလောက် ဘယ်အရာမှ ပျော်စရာမကောင်းဘူး။ တောင်တွေပေါ်တက်လိုက်၊ ဂိမ်းတွေအတူဆော့လိုက်နဲ့ပေါ့။ ဒါပေမဲ့ လတွေကုန်ဆုံးလာလေလေ အဘွားနဲ့အဘိုးရဲ့အိမ်ကတင်းမာမှုတွေက ပိုဆိုးလာလေလေပဲ။ သိပ်ဆိုးတဲ့အရာတစ်ခု ဖြစ်တော့မှာပါလားလို့ လူတိုင်းက စောင့်မျှော်နေတဲ့အတိုင်းပဲ။ ကျွန်မမှာတော့ နေမသိထိုင်မသာ ဖြစ်နေရရောပဲ။ ဘာတွေဖြစ်နေလဲ ကျွန်မ မသိတော့ဘူး။ တစ်မနက် ကျွန်မတို့ ကျောင်းကို လမ်းလျှောက်သွားနေတုန်း ဘွားဘွားက ရုတ်တရက်ပြောလာတယ်။

''ဒီနေ့ သမီးအတွက် အရေးကြီးတဲ့နေ့ပဲ အမန်ဒါ''

သူ့ဒေါက်ဖိနပ်အညိုက လူသွားလမ်းပေါ်မှာ တတောက်တောက်မြည်နေတယ်။ သူ ဘာဆိုလိုလဲ ကျွန်မ မသိဘူး။ ဒီနေ့က ခါတိုင်းလိုပဲ မထူးခြားတဲ့ သာမန်နေ့လေးပဲလေ။ တတောက်တောက်မြည်သံတွေကို ရေတွက်ရင်းလျှောက်နေတယ်။

''သမီးရဲ့ ချော့ကလေမိသားစုက ဘာတွေလုပ်နေလဲမသိတော့ဘူး။ တကယ်ကို မသိတာ။ သူတို့ ဘာတွေလုပ်နေကြတာလဲ။ ဒီလိုပုံစံနဲ့တော့ ဂေဟာမှာပဲ အဆုံးသတ်တော့မှာပဲ''လို့ ဘွားဘွားက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။

*ဘယ်လို။*

*ဘာတွေဖြစ်နေတာလဲ။*


mgyoe.com

mgyoe.com SAMPLE BOOK

ရတ်တရက် စိတ်ဝင်စားသွားတယ်။ ချော့ကလေမိသားစုဆိုတာ မေမေ့ရဲ့ မိသားစုပါ။ သူတို့ရဲ့မျိုးရိုးနာမည်ပေါ့။ ဒါပေမဲ့ ဘွားဘွားပြောတဲ့ ဂေဟာကိုသွားရမယ် ဆိုတာကို ကျွန်မနားမလည်ဘူး။ ကျွန်မအရွယ်ရောက်တဲ့ထိ ဘွားဘွားအိမ်၊ ဘိုးဘိုးဖရန့်ခ် တို့နဲ့နေရမှာမဟုတ်ဘူးလား။ နားမလည်တော့ဘူး။ ပြီးတော့ ဘွားဘွားဖလော့စ်၊ ဘိုးဘိုး ဘိလ်တို့က ဂေဟာနဲ့ ဘာတွေလုပ်ရမှာလဲ။ ရှေ့ကို နည်းနည်းခြေလှမ်းလိုက်တော့ ရတ်တရက် လဲကျတော့မလိုဖြစ်သွားတယ်။ လူသွားစင်္ကြံက ရွှေ့သွားတာမို့ ဟန်ချက်ပျက် သွားပြီး သေချာအာရုံမစူးစိုက်ဘဲနဲ့ ခြေလှမ်းလို့မရတော့ဘူး။ မတ်မတ်ရပ်နိုင်အောင် ကြိုးစားဖို့ အာရုံစူးစိုက်နေတာမို့ ခဏလောက်တော့ ဘာမှပြန်မပြောနိုင်ဘူး။ သွေးဆောင့် တက်လာပြီး ပေါ့ပါးလွတ်လပ်နေရင်း လက်တွေ့ဘဝနဲ့ ကင်းကွာနေသလိုပဲရှင်။

"ဟင် . . . ဘွားဘွား ဘာကို . . . ဘာဆိုလိုတာလဲဟင်"

ခုဆိုရင် ဖုံးကွယ်ထားစရာ ဘာမှမရှိတာမို့ ဘွားဘွား ပြောကိုပြောပြရမယ်။

"အင်း . . . ရုံးချိန်းနေ့လေ"လို့ သူက စိတ်တိုတိုနဲ့ပြောတယ်။ "ညည်းအဖေက ချော့ကလေမိသားစုနဲ့ အပြိုင်တိုက်ဖို့ ဒီနေ့ ရုံးချိန်းသွားရမှာ။ သူတို့တွေက ညည်းအဖေကို တရားရုံးကိုဆင့်ခေါ်ထားတယ်။ ပြီးတော့ သမီးကို ထိန်းသိမ်းစောင့်ရှောက်ခွင့် ရ, မရ သိရတော့မယ်။ ဒီနေ့ ဘာတွေဖြစ်တော့မလဲ မသိတော့ပါဘူး ကလေးရယ်"

ဘွားဘွား မျက်ရည်ဝဲစပြုလာတယ်။ မျက်ရည်မကျအောင် ထိန်းထားပေမဲ့ သူ စိတ်ဆိုးဝမ်းနည်းနေတာကြောင့် ကျွန်မ ပိုကြောက်လာတယ်ရှင်။

"ဒီနေ့ အဆင်မပြေရင် သမီးကို ဘွားဘွားတို့ စောင့်ရှောက်လို့မရတော့ဘူး အမန်ဒါ။ တကယ်စိတ်မကောင်းပါဘူး သမီးရယ်။ ဒီလို ဘယ်သူမှမဖြစ်ချင်ဘူးလေ။ တရားသူကြီး ဘယ်လိုဆုံးဖြတ်မလဲဆိုတာ ဘွားဘွားတို့သိရတာမှ မဟုတ်တာ"

ဒီမနက် ကျောင်းဂိတ်ပေါက်ရောက်တဲ့ထိ လမ်းလျှောက်ရင်း ကျွန်မ ထုံထိုင်း နေတယ်။ အပေါ်ယံကြည့်ရင်တော့ ကျွန်မက ပုံမှန်ပျော်ရွှင်တဲ့ အမန်ဒါလေးပေါ့ရှင်။ ဒါပေမဲ့ စိတ်ထဲမှာတော့ သိပ်ကိုကြောက်ရွံ့ထိတ်လန့်နေတာ။ ဘာတွေဖြစ်လာတော့မှာလဲ။ အဲဒီနေ့မှာ ကျောင်းစာထဲလဲ စိတ်မဝင်စားနိုင်ဘူး။ ကစားကွင်းထဲမှာ ကစားချင်စိတ်၊ ခုန်ပေါက်ချင်စိတ်လဲမရှိ၊ ထောင့်နားမှာ တစ်ယောက်တည်းထိုင်နေရင်း လက်ချောင်းထိပ် လေးတွေကို ကိုက်နေတော့တာပဲ။ ခေါင်းထဲမှာ မေးခွန်းတွေ တဝဲလည်လည်နဲ့ပဲ။ "အခု


mgyoe.com

mgyoe.com SAMPLE BOOK

*ဘာတွေဖြစ်တော့မှာလဲ။ ကျောင်းဆင်းလို့ ဘွားဘွားအိမ် လာမကြိုရင်ကော ဘယ်သူ လာကြိုမှာလဲ။ ကျွန်မက ဂေဟာရောက်သွားရင်ကော ဖေဖေနဲ့ အဘိုးအဘွားတွေကို တွေ့ရအုံးမှာလား။ ဘယ်မှာနေရတော့မှာလဲ''။*

တစ်နေ့လုံး စိုးရိမ်ပူပန်နေတာမို့ နေမထိထိုင်မသာဖြစ်ရင်း စိတ်ဆင်းရဲနေမိတယ်။ ကျွန်မဘဝက မသေချာမရေရာတော့ပြန်ဘူး။ နောက်ထပ် ဘာတွေဖြစ်လာအုံးမလဲ မသိတော့ပါဘူးရှင်။


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၆

## ကျွန်မရဲ့ချောကလေမိသားစု

ကျောင်းဂိတ်ပေါက်မှာ ဘွားဘွားအိဗ်က ပြုံးပြီးစောင့်နေလေရဲ့။ ဒါဆို ကျွန်မ ဂေဟာကို မသွားရတော့ဘူးပေါ့နော်။ ဘွားဘွားနှုတ်ကနေထွက်လာတဲ့ စကားလုံးတွေကို မကြားရမချင်း ကျွန်မ စိတ်သက်သာရာ မရသေးဘူး။

“အဆင်ပြေတယ် သမီးရေ” လို့ ဘွားဘွားက ပြုံးပြီးပြောတယ်။ သူ့အသံက မနက်ကထက် နူးညံ့နေတာပေါ့။

“တရားသူကြီးက ချင့်ချိန်စဉ်းစားတတ်တယ်၊ သမီးက ဖေဖေရယ်၊ ဘွားဘွား တို့ရယ်နဲ့ အတူဆက်နေလို့ရတယ်လို့ သူကပြောတယ်။ ဒါပေမဲ့ သမီးက စနေ၊ တနင်္ဂနွေ တစ်ပတ်ခြားတစ်ခါရယ် ပိတ်ရက်တွေမှာပါ ချောကလေမိသားစုနဲ့ သွားတွေ့ရမယ်လို့ သူ အမိန့်ချထားတယ် သမီး”

ကျွန်မ စိတ်သက်သာရာရသွားတာပဲ။ တစ်နေကုန် ရှုပ်ထွေးနေခဲ့တဲ့ အခြေအနေ ကြီးကို ခုမှပဲ အဆင်ပြေသွားတော့တာကိုး။ ဘွားဘွားရှင်းပြတာကို သေသေချာချာ နားထောင်လိုက်တယ်။

“တရားသူကြီးက သမီးကို ဥပဒေနဲ့ ကာကွယ်ပေးထားတယ်။ သမီးရဲ့ တခြားမိသားစုကလဲ အခွင့်အရေးရအောင် စီစဉ်ပေးထားတာမျိုးပေါ့။ အဲဒါကြောင့် သူက တကယ်ပညာရှိတာ။ ပြီးတော့ ဘွားဘွားတို့ရဲ့အဝေးမှာ သမီးကိုထားရင် ဘာအဓိပ္ပာယ် ရှိမှာလဲ၊ မမှန်ဘူးလေ။ သူတို့ဘက်က အားနည်းနေမှန်း ဘွားဘွားတို့ အားလုံးသိတာပေါ့။ ဒါပေမဲ့လဲ စိုးရိမ်စရာဖြစ်ခဲ့တာပဲ။ သမီးဖေဖေ အိမ်ပြန်ရောက်နေပြီ။ သူက အသေးစိတ် ပြောပြနိုင်မှာ။ အိမ်ပြန်ပြီး သူနဲ့တွေ့ကြစို့နော်”

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်အပြန်လမ်းတစ်လျှောက်လုံး စိတ်ထဲမှာ တွေးနေမိတယ်။ ဒါပေမဲ့ ဖေဖေနဲ့ ကျွန်မရဲ့ ချော့ကလေးမိသားစုတို့ တစ်ယောက်ကိုတစ်ယောက် ဘာလို့ ဒေါသထွက်နေကြလဲဆိုတာ ဘယ်လိုမှ အဖြေရှာမရဘူး။ ကျွန်မကြောင့် သူတို့တွေ တရားရုံးတောင် ရောက်ကြရတယ်ဆိုတာ ဘယ်လောက်တောင်ဆိုးလိုက်သလဲရှင်။ သူတို့အားလုံး ကျွန်မကို တွေ့ချင်ကြတယ်ဆိုရင် ဘာကြောင့် မျှဝေမခံစားကြတာလဲ။ ဘာကြောင့် သူတို့တွေ အဆင်မပြေကြတာလဲ၊ ကျွန်မခံစားချက်တွေ ပြန့်ကျဲရှုပ်ထွေးနေတယ်။ ဒါပေမဲ့လဲ ဂေဟာမှာမနေရတော့တာနဲ့တင် စိတ်အေးနေရပါပြီ။ ဒါပေမဲ့ ဖေဖေနဲ့ ဘွားဘွားအတွက် စိတ်မကောင်းဘူး။ ကျွန်မအတွက်ကြောင့် စိတ်မချမ်းမသာတွေ ကြုံတွေ့ရတာကိုး။ ပြီးတော့ ချော့ကလေးမိသားစုက ကျွန်မတို့တွေ့ချင်တယ်ဆိုတော့ ပျော်လိုက်တာ။ သူတို့နဲ့ တွေ့ရဖို့ ကျွန်မ တိတ်တိတ်ကလေး မျှော်နေမိတာလေ။ တကယ်တော့ သူတို့တွေက ကျွန်မမိသားစု။ သူတို့ကိုချစ်တယ်။ ဖေဖေ၊ ဘွားဘွားအိမ်၊ ဘိုးဘိုးဖရန့်ခ်တို့ရှေ့မှာတော့ ပြောလို့မရဘူးပေါ့လေ။ အဓိပ္ပာယ်မရှိလိုက်တာရှင်။ သူတို့တွေက ချော့ကလေးမိသားစုကို ဘာလို့ သဘောမကျကြတာလဲ။ ဘာတွေများအမှားလုပ်မိထားလို့လဲ။ ကျွန်မစိတ်ထဲမှာ အရာအားလုံး ရှုပ်ထွေးနေတုန်းပဲ။ ဒီအခြေအနေကြီးကို စိတ်ထင့်စိုးရိမ်နေတာမျိုး။ ဒါ အမှန်တွေလား။ အရာရာ အဆင်ပြေပါ့မလား။ တစ်နေကုန် တအုံ့နွေးနွေးဖြစ်ခဲ့တဲ့ အကြောက်တရားကို မဖယ်ထုတ်နိုင်သေးဘူး။

ကျွန်မအိမ်ပြန်ရောက်တဲ့အခါ ဖေဖေက တရားသူကြီးရဲ့အမိန့်တွေကို အသေးစိတ်ရှင်းပြတယ်။ ရှုပ်ထွေးနေတာပဲရှင်။ ပထမ စနေ၊ တနင်္ဂနွေအားလပ်ရက်မှာ မေမေ့ညီမ အန်တီကာရိုး၊ သူ့ခင်ပွန်းဦးဦးမစ်ခ်ရယ် သူတို့ကလေးနှစ်ယောက်ဖြစ်တဲ့ ဂရက်၊ ကလဲယား တို့နဲ့အတူ သောကြာနေ့ညနေကနေ တနင်္ဂနွေညနေအထိ သွားနေရမယ်၊ နောက်တစ်ပတ် စနေ၊ တနင်္ဂနွေအားလပ်ရက်မှာတော့ သူတို့ကို စနေနေ့လယ်မှာပဲ သွားတွေ့စရာလိုတယ်။ အဲဒီရက်သတ္တပတ်ပြီးလို့ နောက်ထပ် စနေ၊ တနင်္ဂနွေအားလပ်ရက်မှာ ဘွားဘွားအိမ်၊ ဘိုးဘိုးဖရန့်ခ်တို့နဲ့ပဲ နေရမယ်။ အဲဒါပြီးရင်တော့ အန်တီကာရိုးမိသားစုနဲ့ သောကြာနေ့ ညနေကနေ တနင်္ဂနွေညနေအထိ ပြန်နေရမယ်။ အဲဒီနောက် သူတို့ကို တနင်္ဂနွေနေ့လယ် မှာပဲ သွားတွေ့ဖို့လိုတယ်။ တစ်ပတ်ခြားပြီးရင် ဒီပုံစံအတိုင်းပဲ ပြန်ကျော့ရမယ်။ ဖေဖေရယ် ကျွန်မတို့ရဲ့ အစီအစဉ်သစ်တွေကို ရှင်းပြပြီးတဲ့အခါ ကျွန်မခေါင်းထဲ ချာချာလည်နေရောပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

''ပြီးတော့ နွေရာသီကျောင်းပိတ်ရက်တွေမှာ သမီးက သူတို့နဲ့ နှစ်ပတ်သွားနေရမယ်'' လို့ ဖေဖေက တရားသူကြီးရဲ့အမိန့်စာ နောက်ဆုံးပိုဒ်ကို ဖတ်ရင်း အဆုံးသတ်ပြောလိုက်တယ်။ သူ့လက်ထဲကစာရွက်တွေကို ငေးကြည့်ရင်း တစ်ခဏလောက်ငြိမ်နေတယ်။ ဒီနေ့လိုကြားရက်လိုနေ့မျိုးမှာ ဖေဖေ အိမ်စောစောပြန်လာတာတွေ့ရတာထူးဆန်းတယ်။ ဖေဖေက ဝတ်စုံအညိုရောင်နဲ့ကြည့်ကောင်းနေတယ်။ သူ့ရဲ့ဆံပင်နက်နက်ထူထူကောက်ကောက်လေးတွေ အနောက်လှန်ဖြီးထားတယ်။ ခုတော့ သူက ရှေ့နည်းနည်းကိုင်းပြီး ဒူးပေါ်လက်ထောက်ရင်း အမိန့်စာကို ကြည့်နေလိုက်တာများ ဒေါသထွက်နေလား၊ ဝေခွဲမရဖြစ်နေလား မပြောတတ်တော့ဘူး။

နောက်ဆုံးမှာတော့ ဖေဖေက ခေါင်းရမ်းပြီး ပါးဖောင်းလိုက်တယ်။

''ရှုးကြောင်ကြောင်နိုင်ပေမဲ့ သမီးလုပ်ရမှာတွေပဲ''လို့ ဖေဖေက ညည်းညည်းညူညူပြောလေရဲ့။

''ဖေဖေကတော့ မှန်မှန်ကန်ကန်လုပ်ဖို့ ကြိုးစားခဲ့တာပဲ။ လူမှုအဖွဲ့အစည်းတွေကတော့ သမီး ဒီမှာပဲ အရင်နေသားကျသွားရင် ပိုကောင်းမယ်လို့ ထင်ကြတယ်။ သူတို့ပြောတဲ့အတိုင်း ဖေဖေလုပ်ခဲ့တာပဲ''

ဖေဖေ ဘာဆိုလိုလဲ ကျွန်မမသိပေမဲ့ ဒီအခိုက်အတန့်လေးမှာတော့ ဘာမှဂရုမစိုက်တော့ဘူး။ ဖေဖေ့ဆီသွားလိုက်ပြီး သူ့လည်ပင်းကို သိုင်းဖက်လိုက်မိတယ်။

''ဖေဖေ့ကိုချစ်တယ်''လို့ပြောလိုက်တော့ သူ ကျွန်မကိုပြုံးပြတယ်။

လေးရက်အကြာမှာတော့ ကျွန်မ အဝတ်လှလှလေးဝတ်ပြီး ဧည့်ခန်းထဲမှာထိုင်နေတယ်။

''သမီးရဲ့သွားတိုက်တံယူသွားစရာမလိုဘူးဆိုတာ သေချာလားဟင်''

အဲဒီနေ့လယ်မှာ ဘွားဘွားကို တတိယအကြိမ်မြောက်မေးမိတဲ့မေးခွန်း။

''မလိုဘူးလေကွယ်''လို့ ဘွားဘွားကခေါင်းခါလိုက်တယ်၊ သူ့ခမျာ မီးဖိုချောင်ထဲဝင်လိုက်ထွက်လိုက်နဲ့ အလုပ်ရှုပ်နေရင်း ဗျာများနေရှာတယ်။

''သူတို့တွေ သမီးလိုအပ်သမျှ ပေးနိုင်တာပဲလေ။ သမီးကို ဘွားဘွားတို့ဆီကခေါ်သွားချင်နေတာလေ။ သွားတိုက်တံလောက်တော့ ပေးမှာပဲ၊ ဒီအိမ်ကနေ အကုန်သယ်သွားစရာ မလိုဘူးလေ''


mgyoe.com

mgyoe.com SAMPLE BOOK

ဘွားဘွား စိတ်ဆိုးနေတာမို့ ကျွန်မ စကားမများရဲတော့ဘူး။ သွားတိုက်တံလဲ မပါ၊ လဲဝတ်စရာအဝတ်လဲမပါဘဲ အန်တီတို့အိမ်မှာ ပိတ်ရက်သွားနေရမှာက ထူးဆန်း နေတုန်းပဲ။ ဒါပေမဲ့ ဘွားဘွားက ဘာမှမထုပ်ပိုးပေးဘူးဆိုပြီး တွင်တွင်ငြင်းနေတော့လဲ ကျွန်မမှာ ရွေးစရာမရှိတော့ဘူး။ လက်ဗလာနဲ့ သွားရမှာပဲပေါ့ရှင်။

တချက်ချက်မြည်နေတဲ့နာရီကိုကြည့်လိုက်တော့ စက္ကန့်လက်တံက တဖြည်းဖြည်း ရွေ့နေလေရဲ့။ အခုဆို ၅ နာရီ ၂၉ မိနစ်ရှိပြီ။ နောက်ထပ်တစ်မိနစ်ဆိုရင် သူ ဒီကိုရောက်လာတော့မယ်။

တင်းတောင် . . .။

''သူလာပြီ''လို့ ဘွားဘွားကပြောတယ်။ ဘိုးဘိုးကို မေးဆတ်ပြလိုက်တော့ တံခါးသွားဖွင့်တယ်။ ဘိုးဘိုးနောက် ကျွန်မလိုက်သွားတော့ ဘွားဘွားက ကျွန်မကို ဖက်လျက်နဲ့ပဲ။ အဲဒီနောက် ဘွားဘွားနဲ့ကျွန်မ မီးဖိုချောင်ထဲဝင်ပြီးနောက် ဘွားဘွားက တံခါးပိတ်လိုက်တယ်။ ဖေဖေကတော့ အပေါ်ထပ်က သူ့အခန်းထဲမှာပဲ။ ကျွန်မကို ခပ်စောစောကပဲ နှုတ်ဆက်ပြီးပြီ၊ ''မစ်ခ်ကသမီးကိုလာခေါ်တဲ့အခါ ဖေဖေ အောက်ထပ်မှာ မရှိတာ ပိုကောင်းမယ်''လို့ သူက ကျွန်မလက်ကိုကိုင်ထားရင်း ရှင်းပြတယ်။ ''သမီးဦးဦး နဲ့က သိပ်အဆင်မပြေဘူးလေ၊ ဒါက အကောင်းဆုံးပါပဲ။ ဖေဖေ့ကိုယုံပါ''

ခါတိုင်းလိုပဲ ကျွန်မက အဆင်ပြေတယ်လို့ပြောလိုက်ပေမဲ့ တကယ်တမ်းတော့ နားမလည်ဘူး။ ကျွန်မသိတာက ကျောင်းကနေ ၃ နာရီခွဲအိမ်ပြန်လာကတည်းက လူတိုင်းက တင်းမာဒေါသထွက်နေတာပဲ။ ဘွားဘွားက ဘိုးဘိုးကို အသံမာမာနဲ့ နှစ်ခါ ပြောတယ်။ သူ့ပုံစံက အရင်က အဲဒီလိုမှမဟုတ်တာ။ မီးဖိုချောင်ထဲမှာပဲ အချိန်အတော် ကြာနေရင်း ကြောင်အိမ်တွေကို လိုတာထက်ပိုပြီး အသံမြည်အောင်ပိတ်တာမျိုး။ ကျွန်မတို့ အိမ်မှာ တိမ်မည်းဖုံးနေသလိုမျိုးပေါ့ရှင်။ အန်တီတို့အိမ်မှာ ဒီပိတ်ရက် ကျွန်မသွားနေရ တာကြောင့် ဒီလိုတွေဖြစ်နေတာပေါ့။ မတတ်နိုင်ဘူးပေါ့ရှင်။ ကျွန်မလည်း ဘွားဘွားအိမ်၊ ဘိုးဘိုး ဖရန့်ခ်၊ ဖေဖေတို့နဲ့နေရတာ သိပ်သဘောကျပေမဲ့ သူတို့ ဒီနေ့လုပ်ပုံမျိုးတွေကြောင့် ကျွန်မ အန်တီတို့အိမ်ကို တကယ်ပဲ သွားချင်လာတယ်။

\+ + + + +

ဘိုးဘိုးဖရန့်ခ်က တံခါးဖွင့်လိုက်တော့ တံခါးဝမှာ ဦးဦးမစ်ခ်၊ အရပ်ရှည်ရှည်နဲ့ ကြံ့ကြံ့ခိုင်ခိုင်နဲ့လူကြီးပေါ့။ သူက ဂျင်းဘောင်းဘီနဲ့ အနီရောင်ဆွယ်တာရယ်၊ အပြာနုရောင်


mgyoe.com

mgyoe.com SAMPLE BOOK

အားကစားကုတ်အင်္ကျီအတိုရယ် ဝတ်ထားတယ်။ လူကြီးနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ဘာမှမပြောကြဘူး။ ဦးဦးမစ်ခ်က ပြန်လှည့်သွားပြီး သူ့ကားနား ပြန်လျှောက်သွားတယ်။

''အသည်းလေးရေ''လို့ ဘိုးဘိုးက ကျွန်မဘက်လှည့်ပြီး ''ဦးဦးမစ်ခ်နဲ့ လိုက်သွားတော့နော်''

အဲဒီနောက် ဘိုးဘိုးက ငုံ့လိုက်ပြီး ကျွန်မကိုနမ်းလိုက်တယ်။

''တနင်္ဂနွေပြန်တွေ့ကြမယ်နော်''လို့ ဘိုးဘိုးက ဆက်ပြောတဲ့အချိန်မှာ ကျွန်မလဲ ကုတ်အင်္ကျီဝတ်ပြီး ဦးဦးမစ်ခ်နောက် တံခါးအပြင်ဘက်ကို လိုက်သွားတယ်။ အပြင်မှာ မှောင်စပြုနေပေမဲ့ သူ့ကားကို ကျောက်တုံးလှေကားနားမှာ တွေ့ရတယ်။ ကားမီးဖွင့်ထားတာကိုး။ ဦးဦးမစ်ခ်က ကားနားရောက်တော့ ကျွန်မကို ကားတံခါးဖွင့်ထားပေးတယ်။

ကျွန်မလဲ လှေကားကနေ ခပ်သွက်သွက်ဆင်းပြီး ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်တယ်။

''ခါးပတ်ပတ်နော်''လို့ သူကပြောပြီး ကားတံခါးပိတ်ပေးတယ်။

ကျွန်မ ခါးပတ်ဆွဲပတ်လိုက်တဲ့အခါ ခါးပတ်ခေါင်းက အံဝင်ခွင်ကျဖြစ်သွားတာမို့ အသံမြည်သွားတယ်။

''ဟုတ်ပြီ''လို့ ဦးဦးမစ်ခ်ကပြောပြီး ကားရှေ့ခန်းတံခါးဖွင့်ပြီး ဝင်ထိုင်တယ်။

''သွားကြစို့နော်''

ကျွန်မက ပေါင်ပေါ်မှာ လက်ချင်းယှက်တင်ထားပြီး ကားနောက်ခန်းမှာ တိတ်တဆိတ်ထိုင်ရင်း ဦးဦးမစ်ခ်ခေါင်းကို ငေးကြည့်နေမိတယ်။ သူ့ခေါင်းတစ်ဝက်မှာ ဆံပင်တွေရှိပြီး တစ်ဝက်ကတော့ ပြောင်နေလေရဲ့။ ကားထဲရောက်လာပြီး ဘွားဘွားတို့ရဲ့ အိမ်ရဲ့ ထူးထူးဆန်းဆန်း အခြေအနေတင်းမာတာကနေ ဝေးကွာလာလို့ စိတ်သက်သာ ရာရသွားတယ်။ အိမ်တွေရယ်၊ လိမ္မော်ရောင်ဖြာထွက်နေတဲ့ လမ်းမီးတိုင်တွေကို ဖြတ်ကျော်သွားရင်း အပြင်ကိုကြည့်တယ်။ ကြီးကြီးနဲ့ဦးဦးတို့မိသားစုက စတီဗန်နေ့ဂျ်ရဲ့ တခြားတစ်ဖက်ခြမ်းက ဘဒ်ဝေါမှာနေတယ်။ ဘွားဘွားတို့နေတဲ့နေရာနဲ့နီးတယ်။ ကျွန်မတို့ အရင်အိမ်ဟောင်းရဲ့ လမ်းအကွေ့မှာပါပဲ။ ဒီကနေ သိပ်မဝေးတော့ ဆယ်မိနစ်အကြာမှာ အိပ်ခန်းသုံးခန်းပါ ဦးဦးတို့ရဲ့ အိမ်ရှေ့ကိုရောက်လာတော့ သူက ကားစက်သတ်လိုက်တယ်။ ကားထဲမှာ ကျွန်မတို့ သိပ်စကားမပြောဖြစ်ကြဘူး။ ကျောင်းအသစ်မှာပျော်ရဲ့လား၊


mgyoe.com